ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 5 August 2023 ၁၁၁၇၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ကမ္ပည်းမော်ကွန်း တင်အပ်ပါသည်

စာမျက်နှာ » ၃



၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV) ပြပွဲဖွင့်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်

# ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV) ပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV) ပြပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်နှင့် စက်မှုထုတ်ကုန်ပြပွဲကို စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများက လည်းကောင်း၊ လျှပ်စစ်ကား(EV) ပြပွဲကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တာဝန်ရှိသူများကလည်းကောင်း ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

### သက်သာသောဈေးနှုန်းဖြင့် ဆန်များ ရောင်းချပေးမည်

စာမျက်နှာ » ၉

### ဒုတိယဆီအိုး ဖြိုးလျှံတိုးအောင် ကြံဆောင်မနှေး ပြည့်ရှေ့ရေး

ဆောင်းပါး စာမျက်နှာ » ၁၀



### မက်မန်းပင်များ တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအားဖြင့် ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည့် အခွင့်အလမ်းများ

ဆောင်းပါး စာမျက်နှာ » ၁၆

# ပြည်သူတစ်ရပ်လုံးပါဝင် ရှေ့လုပ်ငန်းစဉ်များအောင်မြင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ ပထမဆုံးအချက်တွင် “ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်” လုပ်ငန်းစဉ်ချမှတ်ထားသည်။ တပ်မတော်သည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ယခုအခါ ယခင်ထက် တည်ငြိမ်အေးချမ်းမှုများ ရရှိလာသည်။

သို့သော် NUG အမည်ခံ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လှုံ့ဆော်မှု၊ အချို့သော အကြမ်းဖက်အားပေး ပြည်ပမှဝင်ရောက်စွက်ဖက်မှု၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ရှိနေသေးသည်။ အကြမ်းဖက်သမားများ၏ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၀ ရက်နေ့အတွင်း ရဟန်းသံဃာနှင့်သီလရှင် လေးပါး၊ အပြစ်မဲ့ပြည်သူ ၇၇၂ ဦးနှင့် နိုင်ငံ့ဝန်ထမ်း ၂၈ ဦး သေဆုံးခဲ့သည်။ ထို့အပြင် အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် ကျန်းမာရေးအဆောက်အအုံတစ်လုံး၊ ဘာသာရေးအဆောက်အအုံ ၁၁ လုံး၊ လူနေအဆောက်အအုံ ၇၆ လုံး၊ လမ်းတံတားနှင့်တိုးဂိတ် ၉၄ ခု၊ လျှပ်စစ်နှင့်ဆက်သွယ်ရေးတာဝါတိုင် ၂၆ ခုအပါအဝင် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့သည်။

အလွန်ဆိုးရွားသည့်အချက်မှာ မြန်မာနိုင်ငံ၏ပညာရေး နိမ့်ပါးကျဆင်းလာစေရန် အကြမ်းဖက်သမားများက ဦးတည်လုပ်ဆောင်နေခြင်းဖြစ်သည်။ အကြမ်းဖက်သမားများသည် စာသင်ကျောင်းများကို အဝေးမှ လက်နက်ကြီး၊ လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒရုန်းဗုံးဖြင့် တိုက်ခိုက်ခြင်းများ ကျူးလွန်လျက်ရှိသည်။ မကြာသေးမီက ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ကျေးရွာခြောက်ရွာမှ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၃၁ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများကို ရိုက်နှက်ခြိမ်းခြောက်ခြင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့်ကလေးငယ်အပါအဝင် ဆရာ ဆရာမ ငါးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများ ပညာရည်မြင့်မားလာစေရန် အလွန်အရေးကြီးသည့်အတွက် ပညာရည်ပြည့်ဝနေစေရန်၊ အတန်းပညာတတ်မြောက်ရန်၊ တတ်မြောက်ထားသည့် အတန်းပညာနှင့်အညီ အတတ်ပညာတတ်မြောက်စေရန်၊ အသိပညာမြင့်မားစေရန်တို့ကို ရည်ရွယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏အနာဂတ်နှင့် ပြည်သူများ၏အနာဂတ် တိုးတက်ပြောင်းလဲလာစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိနေသည်ကို မနာလိုမရှုဆိတ်ဖြစ်နေသည့် အကြမ်းဖက်အဖျက်သမားများက ပညာရေးနိမ့်ပါးကျဆင်းလာစေရန် အကြမ်းဖက်နည်းလမ်းဖြင့် ဦးတည်လုပ်ဆောင်လျက်ရှိသည်။

“အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများ သေကျေမှုသည် ပြည်သူကို အညှာအတာကင်းမဲ့စွာ၊ လူသားမပီသစွာ ရက်စက်ကြမ်းကြုတ်မှုများနှင့် သတ်ဖြတ်ခြင်းဖြစ်သကဲ့သို့ ဖျက်ဆီးမှုများသည်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားပျက်စီးအောင် ဆောင်ရွက်မှုများဖြစ်သဖြင့် ဆုံးရှုံးမှုသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆင့်ကုန်ကျမှုများ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဆိုးရွားသော တိုင်းပြည်ဖျက်လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုအပ်ပါကြောင်း” တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)တွင် ပြောကြားခဲ့သည်။

အကြမ်းဖက်လုပ်ရပ်များသည် အစိုးရနှင့်လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို တိုက်ရိုက်တိုက်ခိုက်ခြင်းဖြစ်၍ ပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။ ပြည်သူတို့အနေဖြင့် လူမှုစီးပွားများ ထိခိုက်လာသည်ကို မလိုလားသည့်အတွက် လုံခြုံရေးတပ်ဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ကြခြင်းကြောင့် အကြမ်းဖက်သမားများကို နှိမ်နင်းတိုက်ဖျက်နိုင်မှုများ များစွာရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။ တပ်မတော်အနေဖြင့်လည်း လိုအပ်သည့် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးကိစ္စများကို ထိထိရောက်ရောက်လုပ်ဆောင်နေသဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်အပြည့်အဝအောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၄

ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်နေ ဦးတင်ဝင်းနှင့် ဇနီး ဒေါ်ဝါဝါလတ် မိသားစုက ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်သို့ ၎င်းတို့ နှစ်ကာလကြာရှည်စွာ စုဆောင်းသိမ်းဆည်းထားသည့် သုတ၊ ရသ နှစ်ဖြာစုံလင်သည့် စာအုပ်များ၊ ဘာသာရေး၊ ပညာရေးနှင့်ပတ်သက်သည့် စာအုပ်များနှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ရှားပါးစာအုပ်များ အုပ်ရေ ၁၀၀၀ ကျော်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် လှူဒါန်းခဲ့သည်။



အဆိုပါ လှူဒါန်းသည့်စာအုပ်များအား စာပေဗိမာန် စာတည်းမှူးချုပ်(ကိုယ်စား) ဒုတိယ စာတည်းမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းလိုပါက စာကြည့်တိုက်မှူး (ဖုန်း-၀၁-၈၃၈၁၄၄၇၊ ၀၉ ၄၂၀၁၇၆၈၇၈ )သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များ ဖြစ်ပေါ်လာစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မိတ္ထီလာ ဩဂုတ် ၄

မိတ္ထီလာမြို့၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များ ဖြစ်ပေါ်လာစေရေး အသိပညာပေး ဟောပြောပွဲနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်လျော့ကျစေရေး အသိပညာပေးကမ်ပိန်းကို ယနေ့နံနက် ၈ နာရီက မိတ္ထီလာ-မန္တလေး ကားလမ်းမ(ဟောင်း)အနီးနှင့် အထက(၂) ခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေး ကမ်ပိန်းကို အထက(၂)ရှေ့ မိတ္ထီလာ-မန္တလေး ကားလမ်းမ(ဟောင်း)အနီးတွင် ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လမ်းသွားလမ်းလာ ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



ဆက်လက်၍ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များဖြစ်ပေါ်လာစေရေး အသိပညာပေးဟောပြောပွဲကို အထက(၂)ခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြသန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်လဲ့လဲ့စိုးက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များ ဖြစ်ပေါ်လာစေရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၄ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၇၂၇ | ၆,၁၈၉,၁၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၃,၉၆၉ | ၁၁,၅၁၀,၂၅၀ |
| MCB | ၇,၃၀၀ | ၇,၅၀၀ | ၃၁၇ | ၂,၃၁၄,၃၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၂၄၇ | ၃၉၀,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၄၀၀ | ၃,၁၇၅ | ၇,၃၀၅,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၈၀ | ၃၉၂,၀၀၀ |
| MAEX | ၁,၉၅၀ | ၁,၉၀၀ | ၅,၁၄၀ | ၉,၇၆၇,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ကမ္ဘည်းမော်ကွန်းတင်အပ်ပါသည်



၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်ခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန်အတွက် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းခဲ့သည့် အလှူရှင်မိသားစုနှင့်တကွ တပ်မတော်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည့် အလှူရှင်များအပါအဝင် ကျေးဇူးတင်အသိအမှတ်ပြုထိုက်သည့် အောက်ပါဆပ်ကော်မတီများအသီးသီးမှ တာဝန်ရှိသူ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အပေါင်းတို့အား ကျေးဇူးတင်စွာ ကမ္ဘည်းမော်ကွန်းတင် ဂုဏ်ပြုအပ်ပါသည်-

(က) မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့

(ခ) စကျင်ကျောက်တော်ကြီး ထုတ်လုပ်ရေးနှင့် သယ်ယူပင့်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆက်စပ်ဆောင်ရွက်ခဲ့သည့် Anglo Mining Co.,Ltd နှင့် Two Elephant Trading Co.,Ltd

(ဂ) တည်ဆောက်ရေးလုပ်ငန်းကော်မတီ

(ဃ) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ

(င) ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းပြုစုရေး လုပ်ငန်းကော်မတီ

(စ) လုပ်ငန်းစစ်ဆေးရေးကော်မတီ

(ဆ) ဘာသာရေးအခမ်းအနားများကျင်းပရေး လုပ်ငန်းကော်မတီ

(ဇ) နည်းပညာအထောက်အကူပြုကော်မတီများနှင့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ

၃။ ထို့အပြင် ဆင်းတုတော်ကြီးထုဆစ်နိုင်ရေး ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ သယ်ယူပင့်ဆောင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးတွင် မပါဝင်ခဲ့သော်ငြား ဘာသာသာသနာအကျိုးရည်မျှော်ကိုးလျက် လုပ်ငန်းစဉ်ကာလအတွင်း လိုအပ်သောအကူအညီများပေးခဲ့ကြသော ဒေသခံပြည်သူလူထုများနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားကိုးကွယ်နိုင်ရန် ကျရာကဏ္ဍအသီးသီး၌ နေ့ညမနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပါသော တပ်မတော်သား အင်ဂျင်နီယာပညာရှင်များနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အသိပညာရှင် အတတ်ပညာရှင်များ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ အရာရှိ၊ အရာခံအကြပ်စစ်သည်များနှင့် အခြားသော သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်တကွ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန် စေတနာသဒ္ဓါတရားထက်သန်စွာ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည့် လုပ်ငန်းရှင်ကြီးများ၊ ခုနစ်ရက်သားသမီး စေတနာရှင်၊ အလှူရှင်များ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများသို့ ကြွရောက်လာခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ အပါအဝင် ဘာသာသာသနာတော်ပြန့်ပွားရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်သယ်ပိုးခဲ့ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အစရှိသူ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ကမ္ဘည်းမော်ကွန်းတင် ဂုဏ်ပြုအပ်ပါသည်။

၄။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သာသနာ့ပရိဝုဏ်အတွင်း၌ ထေရဝါဒ ဗုဒ္ဓသာသနာ၏အနှစ်ချုပ်ဖြစ်သော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံကို ပါဠိမြန်မာ၊ ပါဠိရိုမန်အက္ခရာ (၂)မျိုးဖြင့် ခိုင်မာသော ကျောက်စာ စိုက်ထူရေးထိုးနိုင်ရေးနှင့် ကမ္ဘာသို့ပြန့်ပွားစေရေးအတွက် နိုင်ငံတကာ ကျမ်းစာများ အဆင့်မီရိုက်နှိပ်ထုတ်ဝေနိုင်ရေးအလို့ငှာ လိုအပ်သော အထောက်အထားများနှင့် မှန်ကန်မှုရှိစေရေး စိစစ်တည်းဖြတ်ပေးခဲ့ကြပါသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အပေါင်းတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၅။ ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးဦးဆောင်ဖြင့် ကြီးမှူးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသည့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် အခမ်းအနားများတွင် ဧည့်ခံပူဇော်ပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများ၊ မဟာမင်္ဂလာအခမ်းအနားများ ပါဝင်တက်ရောက် ကြည်ညိုကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ဧည့်ပရိသတ်အပေါင်း အစရှိသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ကမ္ဘည်းမော်ကွန်းတင် ဂုဏ်ပြုအပ်ပါသည်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်၊**
**မုစလိန္ဒနဂါးရုံဘုရား၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့်**
**ကျောက်စာရုံစေတီတော်များ**
**တည်ထားကိုးကွယ်ရေးနာယကအဖွဲ့**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ဖူးမြော်ခွင့်ပြုသွားမည်



**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

**ထည့်သွင်းတည်ဆောက်ထား**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်နှင့် ရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီ ၇၂၀ ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိသည်။

ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ ပြုလုပ်ရာတွင်အသုံးပြုခဲ့သည့် မဏ္ဍပ်တော်များနှင့် အသုံးအဆောင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ကာ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**



အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်စဉ်။




အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း ကျင်းပစဉ်။

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ စားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

လေ့ကျင့်ခန်း ဒုတိယနေ့ ဩဂုတ် ၃ ရက်တွင် လေ့ကျင့်ခန်းအစီအစဉ်အလိုက် ဆောင်ရွက်မည့် လေ့ကျင့်ခန်းပါ စစ်ဆင်ရေးစီမံချက်အား မြန်မာ-ရုရှားကိုယ်စားလှယ်အရာရှိကြီးများက ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် နိုင်ငံတကာ တပ်မတော်အရာရှိကြီးများက နိုင်ငံအလိုက် အလှည့်ကျ တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းသို့ ပူးတွဲဥက္ကဋ္ဌနိုင်ငံများဖြစ်သည့် မြန်မာ၊ ရုရှားနိုင်ငံတို့နှင့်အတူ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လေ့ကျင့်ခန်း တတိယနေ့ နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း၌ မြန်မာ့တပ်မတော် အထူးတာဝန်တပ်ဖွဲ့ဝင်များက စွမ်းရည်သရုပ်ပြခြင်းကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး မွန်းလွဲပိုင်းတွင် စားပွဲတင်လေ့ကျင့်ခန်းကို ဆက်လက်ဆောင်ရွက်ကာ အခမ်းအနားပိတ်သိမ်းပြီး ညပိုင်းတွင် ညစာစားပွဲဖြင့် ဂုဏ်ပြုညှော်ခံခဲ့သည်။

လေ့ကျင့်ခန်းကာလတွင် စားပွဲတင်လေ့ကျင့်ခန်းသို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် လေ့လာရေးခရီးစဉ်အဖြစ် တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်နှင့် ကျောက်မျက်ရတနာပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြပြီး ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြသည်။

ကျင်းပပြီးစီးခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းသည် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ခုနစ်ခုအနက် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး(Counter Terrorism) နယ်ပယ်အတွက် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူပြီးဆောင်ရွက်ခဲ့သည့် လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးကောင်ရေနှစ်သိန်း ငါးမျိုးစိုက်ထည့်

**ဒိုက်ဦး ဩဂုတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေရှည်စဉ်ဆက်မပြတ်ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးရိက္ခာဖူလုံစေရန်နှင့် ငါးသယံဇာတများ တိုးပွားလာစေရန်ရည်ရွယ်၍ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နတ်ကင်းကျေးရွာ ဦးပွတံတား၌ ကျင်းပသည်။

**သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသက်နောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုး၊ ဦးတင်ထွဋ်မြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံကျော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညောင်လေးပင်ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အင်းသားကြီးများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရေလုပ်သားများတက်ရောက်၍ နှစ်လက်မ အရွယ် ငါးခုံးမကြီးကောင်ရေ တစ်သိန်း၊ ငါးမြစ်ချင်းကောင်ရေ တစ်သိန်းအား နတ်ကင်းကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရေး အခွန်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၇၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အခွန်ဦးစီးဌာနမှူးများအနေဖြင့် သင်တန်းတွင်ပို့ချပေးခဲ့သည့် အခွန်ဆိုင်ရာ ဘာသာရပ်များကို လေ့လာမှတ်သား၍ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး အဓိကတာဝန်ဖြစ်သော နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ သက်ဆိုင်ရာအခွန်ဥပဒေများနှင့် အညီ ပြည့်ပြည့်ဝဝကောက်ခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခွန်လျှော့ပေါ့ခွင့်၊ အခွန်သက်သာခွင့်ပြုခြင်းများနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အထူးသတိပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခွန်အခြေတိုးချဲ့နိုင်ရန်ဖြစ်နိုင်ခြေရှိသောနယ်ပယ်များကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ထမ်းပြည်သူများက တာဝန်သိစွာ ပေးဆောင်သောအခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ ခွဲဝေသုံးစွဲဆောင်ရွက်နေသည်ကို အခွန်ထမ်းပြည်သူများ သိရှိနားလည်လာအောင် အသိပညာပေး စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်တွင်း အခွန်များဦးစီးဌာန ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရန်နှင့် ဌာန၏ဂုဏ်သိက္ခာ မြင့်မားလာရေးအတွက် အားလုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရှင်းလင်းလွယ်ကူသော အခွန်စနစ်များ ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကို ပွင့်လင်းမြင်သာမှုရှိသည့် ခေတ်မီသော အခွန်ဌာနတစ်ခုဖြစ်လာစေရန် ဦးတည်အကောင်အထည်ဖော်လျက်ရှိရာ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် သင်တန်းသား သင်တန်းသူများအပါအဝင် အခွန်ဝန်ထမ်းများအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများကို ကောက်ခံရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဆက်စပ်သည့်ဥပဒေပြဋ္ဌာန်းချက်များ၊ အောင်ဘာလေသိန်းဆုခွန်နှင့် စပ်လျဉ်းသည့် ညွှန်ကြားလွှာများ၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းသည့် စီမံရေးရာ၊ ငွေစာရင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ၊ အခွန်မူဝါဒနှင့် သုတေသနဆိုင်ရာကိစ္စရပ်များ၊ အခွန်ကောက်ခံမှုဆိုင်ရာ သတင်းအချက်အလက်ရှာဖွေစုဆောင်းခြင်းနှင့် နည်းပညာအသုံးပြု အခွန်ကောက်ခံသည့်စနစ်များကို ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သောကြာနေ့ စကားဝိုင်း ကျင်းပ



နေပြည်တော် ဩဂုတ် ၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း အမှတ်စဉ် (၂၄) ဆွေးနွေးပွဲကို “အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ” ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားသည်။

## ပြောကြား

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံသဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာနှင့် နိုင်ငံများအကြား ချုပ်ဆိုသော စာချုပ်များကို လက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက် ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားဝန်ကြီးဌာနများအကြား သဘောတူစာချုပ်များနှင့် စီမံကိန်းအကောင်အထည်ဖော် နိုင်ရေးချုပ်ဆိုသည့် စာချုပ်များ အပေါ် သဘောထားမှတ်ချက် စိစစ်ပြန်ကြားပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာချုပ်များ လက်မှတ်ရေးထိုးခြင်း မပြုမီ ဥပဒေရေးထုံးနှင့်အညီ စာချုပ်ပါ အချက်အလက်များ ပြည့်စုံမှုရှိစေရေး၊ စကားလုံးအသုံးအနှုန်းများနှင့် အရေးအသားများ မှန်ကန်မှုရှိစေရေး စိစစ်ရန်အလွန် အရေးကြီးကြောင်း၊ စာချုပ်ချုပ်ဆိုရာတွင် နှုတ်တစ်ရာစာတစ်လုံးဖြစ်သည့်အတွက် အမှားအယွင်းများမရှိစေရေး သတိပြုဆောင်ရွက်ရသည့်အပြင် စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် ဥပဒေရေးရာ အငြင်းပွားမှုများမဖြစ်ပေါ်စေရေးအတွက် စာချုပ်ပါအချက်အလက်များအပေါ် အထူးဂရုပြု၍ စနစ်တကျအသေးစိတ် ညှိနှိုင်းစိစစ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ တက်ရောက်ကြသော အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယနေ့ ဆွေးနွေးမျှဝေမည့် “အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ” ခေါင်းစဉ်ပါ အကြောင်းအရာကို စေ့စေ့စပ်စပ်လေ့လာ၍ ဆွေးနွေးမေးမြန်းကြရန် တိုက်တွန်းပြောကြားသည်။

## ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်တင်လင်းက “အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ” ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်သူများ အပါအဝင် ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။

သတင်းစဉ်

# ချောင်းသာမြို့၌ အုန်းအခြေခံလက်မှုထည် သင်တန်းဆင်းပွဲ ကျင်းပ

ချောင်းသာ ဩဂုတ် ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှု၊ လက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အုန်းအခြေခံလက်မှုထည် သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ချောင်းသာမြို့ အမှတ်(၃)ရပ်ကွက်၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှု၊ လက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်စီက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

## သင်တန်းထူးချွန်ဆုများ ပေးအပ်

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ခဲ့ရာ သင်တန်းသား သင်တန်းသူများနှင့် ထူးချွန်ဆုရရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အုန်းသီးမှရရှိသည့် အုန်းခွံအား အခြေခံကာ အုန်းရေနွေးအိုး၊ အုန်းဆွမ်းအုပ်၊ အုန်းစားပွဲတင်အလှမီး အစရှိသည့် အမျိုး ၃၀ ခန့်အား အုန်းသီးခြောက်အတွင်း အုန်းသားထုတ်ယူခြင်းမှ ပုံစံယူခြင်း၊ ဖြတ်တောက်ခြင်း၊ ကော်ကပ်ခြင်းနှင့် ဆေးသုတ်ပြီး ရောင်းတန်းဝင် အုန်းလက်မှုအထည်၊ ပစ္စည်းတစ်ခုရရှိသည်အထိ လက်တွေ့သင်ကြားပေးခဲ့ပြီး ချောင်းသာမြို့ ဒေသခံ၊ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**စာပေမြင့်မှ လူမျိုးတင့်မည် စာအုပ်စာပေ လူ့မိတ်ဆွေ**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/ ၂၀၂၃-၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ယာယီမှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဩဂုတ် ၄

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၃-၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်**

ရှေးဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့ ညှိနှိုင်းအစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြလာသော ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ စီမံကိန်းတန်ဖိုး ပြောင်းလဲခြင်းကိစ္စရပ်များအပေါ် အဖွဲ့ဝင်များနှင့် စိစစ်အတည်ပြုနိုင်ရန်နှင့် "ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း" ညွှန်ကြားချက်(မူကြမ်း)အပေါ် ကော်မတီအဖွဲ့ဝင်များက ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်များကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဖွဲ့ဝင်များနှင့် အတည်ပြုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် အစိုးရဌာနဆိုင်ရာများ၏ စက်ပစ္စည်းကဏ္ဍအတွက် ရန်ပုံငွေသုံးစွဲမှု၊ စက်ပစ္စည်းဝယ်ယူမှု၊ စက်ပစ္စည်းအသုံးပြုမှုများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် ကော်မတီ၏မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ စနစ်တကျစိစစ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ရင်းနှီးပွင့်လင်းစွာအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ရန်ပုံငွေလွှဲပြောင်းခြင်း၊ စီမံကိန်းတန်ဖိုး ပြောင်းလဲခြင်းကိစ္စရပ်များ၊ "ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်" (မူကြမ်း)အပေါ် ကော်မတီအဖွဲ့ဝင်များ၏ ပြင်ဆင်ချက်ကိုစုစည်း၍ ဒုတိယအကြိမ် ပြင်ဆင်ရေးဆွဲပြီးစီးသည့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို အတည်ပြုနိုင်ရန် ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ယာယီမှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ MSME ဗဟိုကော်မတီအတွင်းရေးမှူး SME လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် MSME အသင်းမှတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို ယနေ့မှစတင်၍ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေကိုပြန်လည်ရေးဆွဲပြီးပါက MSME ဥပဒေအရ လုပ်ငန်းအရွယ်အစား သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ်ကို MSME Webportal မှတစ်ဆင့် Online Registration & e-Payment စနစ်ဖြင့် လျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စတင်လျှောက်ထားနိုင်ပါက လုပ်ငန်းရှင်များသို့ သတင်းအချက်အလက် ပြန်လည်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ဥပဒေရေးဆွဲပြီးချိန်တွင် MSME လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လုပ်ငန်းရှင် ၂၂ ဦးအား ယာယီမှတ်ပုံတင်လက်မှတ်များ ပေးအပ်ကြပြီး အခမ်းအနားသို့ တက် ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေစဉ်ကာလအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ယာယီမှတ်ပုံတင်လက်မှတ်ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၂ ရက်မှစတင်၍ MSME Online Registration စနစ်ဖြင့် SME Member Card အသစ် လျှောက်ထားသူများအား ယာယီမှတ်ပုံတင်လက်မှတ်တစ်ပါတည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၂) သင်တန်းဆင်း



ရန်ကုန် ဩဂုတ် ၄

စာရေးဝန်ထမ်း ကြီးကြပ်သင်တန်းအမှတ်စဉ်(၉၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

**အလေးပြု**

ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ဆက်လက်၍ ပါမောက္ခချုပ်ကို အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်-၁၂၇၊ ဦးမျိုးဇော်လတ် ဌာနခွဲစာရေး လမ်းဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သင်တန်းသူ စံပြဆုကို သင်တန်းသူအမှတ်-၂၊ ဒေါ်မေသန္တာအောင် ဌာနခွဲစာရေး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အား ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားသင်တန်းသူပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ပြီး သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၄၅ ဦး၊ သင်တန်းသူ ၁၀၃ ဦး စုစုပေါင်း ၁၄၈ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

■

## ကျိုက်မရောမြို့ ရေတွင်းကုန်း အထက(ခွဲ)၌ လူငယ်စကားဝိုင်း ကျင်းပ

ကျိုက်မရော ဩဂုတ် ၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် အထက(ခွဲ) ရေတွင်းကုန်းကျောင်းခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် အထက(ခွဲ)ရေတွင်းကုန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်သက်မွန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုဝင်းက လူငယ်နှင့် အားကစားအကြောင်း ပညာပေးဆွေးနွေးခဲ့ပြီး Grade -11 မှ မောင်အောင်နိုင်စိုးက လူငယ်နှင့် အားကစား၊ Grade-10 မှ မအိရွှေဇင်ထိုက်က လူငယ်နှင့်ကိုယ်ကျင့်တရား၊ Grade-10 မှ မောင်ဝဏ္ဏနိုင်စိုးက လူငယ်နှင့်ကျန်းမာရေး၊ Grade-10 မှ မသန္တာဝင်းက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် ဩဂုတ် ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

ကျန်းမာရေးဝန်ကြီးဌာန

**"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"**

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| **ပထမပတ်** | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| **ဒုတိယပတ်** | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| **တတိယပတ်** | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| **စတုတ္ထပတ်** | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၁၃ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၁) နာရီမှ (၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (သုည ဒသမ ၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၄၅,၅၃၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၇၂)ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

(၂၀၂၃) ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနသည် (၂၀၀၉)ခုနှစ်ကစတင်၍ ပြည်သူလူထုအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုသိရှိ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် နှစ်စဉ် ဩဂုတ်လ၏ ပထမရက်သတ္တပတ်ကို မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း။



နှစ်စဉ် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်တွင် ဆောင်ပုဒ်တစ်ခုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ပေးရာတွင် ယခုနှစ်အတွက်ဆောင်ပုဒ်မှာ "Enabling breastfeeding: making a difference for working parents" "လုပ်ငန်းခွင်ဝင်မိခင်တို့ နို့ချိုတိုက်ကျွေးနိုင်စေဖို့ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်စို့"ဟူ၍ ဖြစ်ကြောင်း၊ မိခင်နို့သည် ကလေးအတွက် ပထမဆုံးနှင့် အကောင်းဆုံး အစာအာဟာရဖြစ်ပြီး မွေးစမှကလေးအသက် (၆) လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန်လိုအပ်ပြီး (၆)လ ပြည့်ပြီးနောက်တွင် အသက်အရွယ်အလိုက် သင့်တော်သည့် ဖြည့်စွက်စာနှင့်အတူ ကလေးအသက် နှစ်နှစ်အရွယ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် လိုအပ်ကြောင်း။

အသက် ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ် ကလေးသူငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် အင်အားပြည့် ဗီတာမင်အေဆေးလုံးကို အသက်(၆) လမှ ငါးနှစ်အောက် ကလေးသူငယ်များနှင့် နို့တိုက်မိခင်များကို တိုက်ကျွေးခြင်း၊ အသက်နှစ်နှစ်အထက် ကလေးသူငယ်များအားလုံးကို သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များကို သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်း၊ နို့တိုက်မိခင်များကို ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကာလတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုပြီး အသက်ငါးနှစ်အောက် ကလေးများကို အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရ ဆေးပြားများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကိုဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာ မို့မို့ရီက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး(ကိုယ်စား) ဦးစီးအရာရှိ ဒေါ်ဥမ္မာဝင်းက လူငယ်စကားဝိုင်း ကျင်းပဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ ကျောင်းသား/ ကျောင်းသူများဖြစ်ကြသည့် မပန်းအိစံက "လူငယ်နှင့်ကျန်းမာရေး"၊ မအေးအေးခန့်က "လူငယ်နှင့်အားကစား"၊ မမေဖူးပိုင်က "ကျွန်မဖတ်ဖူးသောစာအုပ်တစ်အုပ်"၊ မောင်အောင်ထက်ကိုကိုက "လူငယ်နှင့်နည်းပညာ"၊ မောင်သူရဇော်က "လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးပေးခဲ့ကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးပေးကြသည့် ကျောင်းသား/ ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)ပါမောက္ခချုပ်နှင့် ခရိုင်ပြန်/ဆက် ဦးစီးမှူးတို့က လူငယ်စကားဝိုင်းတွင် ဆွေးနွေးပေးခဲ့ကြသည့်ကျောင်းသား



ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

✪ ရှေ့ဖုံးမှ

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက စက်မှုထုတ်ကုန်ပစ္စည်းများနှင့် လျှပ်စစ်ကား (EV) များ၊ အားသွင်းစက်များ ပြသထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

**ခင်းကျင်းပြသ**

အဆိုပါဈေးရောင်းပွဲနှင့်ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၏စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ နေပြည်တော်ကောင်စီအပါအဝင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ အသေးစား၊ အငယ်စား၊အလတ်စား (MSME) ထုတ်ကုန်အရောင်းဆိုင်ခန်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ Digital economy coner နည်းပညာပြခန်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများမှ အရောင်းပြခန်းများ၊ မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ပြခန်းများ၊ အခြားအသင်းအဖွဲ့များမှ ပြခန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြခန်းများ ခင်းကျင်းပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် လက်လီရောင်းချသူများအသင်းကဆန်ကိုလည်းကောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စားသုံးဆီကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဟင်းသီး၊ ဟင်းရွက်နှင့် အသီးအနှံများကိုသက်သာသောနှုန်းထားဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ဈေးလာရောက်ဝယ်ယူသူများအား Dancer အကများ၊ ရှိုးပွဲများ၊ဒီဂျေများဖြင့် ဖျော်ဖြေ တင်ဆက်မည်ဖြစ်ပြီး အတွင်းပတ်လမ်းမှ မော်တော်ယာဉ်များဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

အဆိုပါဈေးရောင်းပွဲတော်ကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ည ၇နာရီအထိ ပြသရောင်းချမည်ဖြစ်ကြောင်းနှင့် ဆိုင်ခန်းရောင်းချမည့်သူများနှင့် ဈေးလာရောက်ဝယ်ယူကြသူများ စားသောက်ရေးအတွက် တန်ဖိုးသင့်ထမင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ လျှပ်စစ်ကား (EV) များ ပြသထားရှိမှုကို ကြည့်ရှုအားပေးကြစဉ်။

ဓာတ်ပုံ-ဇော်မင်းလတ်

# ၂၀၂၃ ခုနှစ် မိုးရာသီ ဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား( EV)ပြပွဲ အများပြည်သူစိတ်ဝင်စားစွာ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဩဂုတ် ၄**

၂၀၂၃ ခုနှစ် မိုးရာသီ ဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား (EV)ပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ပြင်သူ့ရင်ပြင်၌ ကျင်းပသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စက်မှုထုတ်ကုန်များကို ပြခန်းပေါင်း ၁၁၃ ခန်းဖြင့် ပါဝင်ပြသလျက်ရှိရာ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူများ ဝယ်ယူအားပေးမှု များပြားခဲ့သည်။

ထို့အပြင် စက်မှုထုတ်ကုန်ပြပွဲ၌ E-Market Platform တစ်ခု၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ သမဝါယမအသင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း(MSMEs) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းနှင့် E-Sport Game တို့မှ ပြသရောင်းချလျက်ရှိသည့်အပြင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှလည်း ဒေသထုတ်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

လျှပ်စစ်ကား (EV)နှင့် လျှပ်စစ်ဆိုင်ကယ်ပြပွဲမှာ ပြည်သူများအထူးစိတ်ဝင်စားသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များ အသင်းတို့မှ စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိရာ ဝန်ဆောင်မှုပေးနေသည့် ဌာနဆိုင်ရာများ၊ လာရောက်ကြသည့် ပြည်သူတို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဦးအောင်ကိုဆက်



ဒေါက်တာအောင်မြတ်



ဦးဝေလင်း



ဦးမောင်မောင်လတ်



ဒေါ်မင်းမင်းအေး



ဒေါ်သီတာဝင်း



ခွန်ဖြိုးကျော်ဝေ

**ဦးအောင်ကိုဆက်**
**(Business Development Leader)**

ကျွန်တော်တို့ (MG) NPK Motor အနေနဲ့ MG EV ကားတွေကို အိမ်စီးကားအပြင် အငှားယာဉ် တက္ကစီအနေနဲ့ ဝန်ဆောင်မှုပေးနေတာဖြစ်ပါတယ်။ နေပြည်တော်မှာ ဧပြီလကစပြီး ကားအစီးရေ ၁၅စီးနဲ့ တက္ကစီတွေ ပြေးဆွဲပါတယ်။ ကားအင်ဂျင်သံ ဆူညံမှုမရှိတဲ့အပြင် သက်သောင့်သက်သာရှိပြီး ဆီကားဈေးနှုန်းထက် ၃၀ ရာခိုင်နှုန်း သက်သာတာကြောင့် ခရီးသည်တွေအနေနဲ့ သွားလာမှုအဆင်ပြေကြပါတယ်။ လျှပ်စစ်ကား(EV)ဖြစ်တဲ့အတွက်သပြေကုန်းမှာ တည်ဆောက်ထားတဲ့ MG Charging Station ကို အခြေပြုပြီး တက္ကစီဝန်ဆောင်မှုပေးနေပါတယ်။ ရန်ကုန်မှာလည်း ပြေးဆွဲသွားမှာဖြစ်ပါတယ်။

**ဒေါက်တာအောင်မြတ်**
**(ဒုတိယညွှန်ကြားရေးမှူး- မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန)**

ကျွန်တော်တို့ ဌာနအနေနဲ့ ကျန်းမာရေးနဲ့ ညီညွတ်မှုရှိတဲ့၊ နေ့စဉ်ထုတ်လုပ်တဲ့ အသားတွေကို ဈေးနှုန်းသက်သာစွာ အများပြည်သူ ဝယ်ယူစားသုံးနိုင်အောင် ရောင်းချပေးနေပါတယ်။ ဝက်သားတစ်ပိဿာ ငွေကျပ် ၁၄၀၀၀၊ ဆိတ်သား တစ်ပိဿာ ငွေကျပ် ၂၃၀၀၀ (အသား)၊ အမဲသားတစ်ပိဿာ ငွေကျပ် ၁၃၀၀၀၊ ကြက်သား တစ်ပိဿာငွေကျပ်၈၅၀၀နဲ့ အပြင်ဈေးနှုန်းထက်သက်သာစွာ ရောင်းချပေးနေပါတယ်။ ဝယ်ယူသူများပါတယ်။

**ဦးဝေလင်း**
**(လက်ထောက်ညွှန်ကြားရေးမှူး-ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန)**

ကျွန်တော်တို့ ဌာနအနေနဲ့ ဟင်းသီးဟင်းရွက်နဲ့ သီးနှံ ၁၆ မျိုးကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးနေပါတယ်။ ဟင်းသီးဟင်းရွက်ကို ညောင်နှစ်ပင်နဲ့ အသီးအနှံကို သီရိမင်္ဂလာဈေးက ယူပြီး ရောင်းချပေးတာဖြစ်တဲ့အတွက် ဈေးနှုန်းသက်သာပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ဩဂဲနစ်ဟင်းသီးဟင်းရွက်၊ အသီးအနှံကို ဈေးနှုန်းသက်သာစွာ လတ်လတ်ဆတ်ဆတ်နဲ့ ဝယ်ယူနေကြတာမြင်တော့ ကျွန်တော်တို့ ကြည်နူးဝမ်းသာရပါတယ်။

**ဦးမောင်မောင်လတ်**
**(တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)**

ဒီနေ့ ရောင်းချပေးတာက ဟင်းသီးဟင်းရွက်ဆီပါ။ တစ်ပိဿာတစ်ဘူးကို ငွေကျပ် ၅၅၀၀ နဲ့ရောင်းပေးပါတယ်။ တစ်ဦးကို တစ်ပိဿာနှုန်းရောင်းချပေးတာပါ။ ဝန်ထမ်းနဲ့ ဌာနဆိုင်ရာဆိုရင် သီးခြားရောင်းချပေးပါတယ်။ နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ သုံးရက်တိုင် ရောင်းချပေးသွားမှာပါ။ အပြင်ဈေးနှုန်းထက် နည်းတဲ့ပမာဏနဲ့ ဝယ်ယူရတဲ့အတွက် စားသုံးသူပြည်သူတွေ ပျော်ရွှင်နေတာမြင်ရတော့ ကျွန်တော်တို့လည်း ထပ်တူပီတိဖြစ်ရပါတယ်။

**ဒေါ်မင်းမင်းအေး(ပြည်သူ)**

ဒီနေ့ဝယ်ယူတဲ့ အသားတွေဟာ လတ်ဆတ်ပြီး ရေခဲရိုက်တာမရှိ၊ ရေထိုးတာမရှိတဲ့အပြင် ဈေးနှုန်းသက်သာတယ်။ အလေးချိန်ခွင်လည်းပြည့်တယ်။ မိုးရာသီဈေးရောင်းပွဲတော်က သုံးရက်ဆိုတော့ နောက်ရက်တွေလည်း လာမှာပါ။ အခုလို အသားတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ကြက်ဥ၊ ဆီ၊ ဆန်တွေကို သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်သီတာဝင်း(ဝန်ထမ်းတစ်ဦး)**

အပြင်ထက်စာရင် ဈေးနှုန်းသက်သာတဲ့အပြင် အသီးအရွက်တွေက လတ်ဆတ်တဲ့အတွက် ဝယ်ချင်စရာလည်းဖြစ်နေတယ်။ နောက်ရက်တွေလည်း ဆက်လက်ပြီး ဝယ်ယူအားပေးသွားမှာပါ။ အခုလိုမျိုး ဆက်ပြီးရောင်းပေးဖို့လည်း အကြံပြုလိုပါတယ်။

**ခွန်ဖြိုးကျော်ဝေ**
**(ပအိုဝ်းတိုင်းရင်းသား)**

ကျွန်တော်က ဒုတိယနှစ်ကျောင်းသားပါ။ ဒီနေ့စက်မှုထုတ်ကုန်ပြပွဲကို သူငယ်ချင်းတွေနဲ့လာတဲ့အခါမှာ စားစရာတွေ၊ ဝယ်စရာတွေ၊ ပညာယူစရာတွေအများကြီး တွေ့ရပါတယ်။ သူငယ်ချင်းတွေနဲ့အတူ စတုဒိသာမုန့်ဟင်းခါးနဲ့ အချိုရည်တွေလည်း သောက်ကြတယ်။ ကျွန်တော်တို့ လျှပ်စစ်ကား (EV) တွေကို စိတ်ဝင်စားတယ်။ အခုလိုကဏ္ဍစုံက ပါဝင်ပြသတဲ့အတွက် ကျွန်တော်တို့လူငယ်တွေ ပိုပြီးဗဟုသုတရစေမှာဖြစ်ပါတယ်။ **ဓာတ်ပုံ - ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# သက်သာသောဈေးနှုန်းဖြင့် ဆန်များ ရောင်းချပေးမည်

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းနှင့် ပို့ကုန်ကုမ္ပဏီများ ပူးပေါင်း၍ ဆန်ဈေးနှုန်း တည်ငြိမ်စေရန်အလို့ငှာ ပြည်တွင်း စားသုံးမှုများသည့် ဆန်များကို ဩဂုတ် ၇ ရက်မှ စတင်၍ ဝါးတန်းလမ်းရှိဆန်စပါးကုန်စည်ဒိုင်၊ ဘုရင့်နောင်ရှိ ဆန်စပါးကုန်စည်ဒိုင်များတွင် စတင်ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထိုသို့ရောင်းချရာတွင် ရွှေဘိုပေါ်ဆန်းမွှေးဆန်များ ၁၀၈ ပေါင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ငွေကျပ် ၁၂၀၀၀၀အတွင်း၊ ရောဝတီပေါ်ဆန်းမွှေးဆန်များ ၁၀၈ ပေါင် တစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ မှ ငွေကျပ် ၉၇၀၀၀ အတွင်း၊ ဧည့်မထ (၁၀%) စားဆန်များ ၁၀၈ ပေါင် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ဧည့်မထ (၂၅%) စားဆန်များ ၁၀၈ ပေါင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်ဖြစ်သည်။

ဝယ်ယူလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခုလျှင် တစ်လအတွက် ပေါ်ဆန်းအမျိုးအစား ဆန်တစ်အိတ်နှင့် ဧည့်မထ အမျိုးအစားဆန်တစ်အိတ်ကို လွတ်လပ်စွာ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံ ကုမ္ပဏီဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ ဌာန/စက်ရုံအလုပ်ရုံ၊ ကုမ္ပဏီမှ တင်ပြစာများဖြင့် Email: admin@mrf.com.mm သို့ ပေးပို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ၀၉-၄၀၀၀၆၇၂၆၀၊ ၀၉-၄၀၀၀၆၇၂၇၀၊ ဝါးတန်းဆန်စပါး ကုန်စည်ဒိုင် ၀၁- ၈၂၂၁၄၄၈၊ ၀၁-၈ ၂၀၁၃၁၊ ၀၁-၈၂၁၀၂၈၇ နှင့် ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင် ၀၉-၇၆၉၀၂၉၄၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကြေးမုံ

## စစ်ကိုင်းတိုင်းဒေသကြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



မုံရွာ ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သာယာလှပရေးနှင့် MSMEs လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထုတ်ချေးပေးထားသော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟိုပုံး ဩဂုတ် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထုတ်ချေးပေးထားသော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ပုံငွေချေးယူထားသောအစုအဖွဲ့များက မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ရန်ပုံငွေချေးယူထားသောအစုအဖွဲ့များအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထုတ်ချေးပေးထားသောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် ပေါင်းစပ်ကာ ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုများမဖြစ်စေရန် အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး (ညွှန်ကြားရေးမှူး)ဦးတင်ထူးမောင်၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် ရန်ပုံငွေချေးယူထားသော အစုအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



## ကျော့သောင်းမြို့၌ စားသုံးဆီများဈေးနှုန်း သက်သာစွာ ရောင်းချပေး



ကော့သောင်း ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းက စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ဖြင့် သီရိမြိုင်ရပ်ကွက်ရှိ ပြည်သူများအား ရောင်းချပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ရောင်းချပေးခြင်းသည် မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းအစီအစဉ်ဖြင့် ကော့သောင်းခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်အသင်းတို့က ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်အလိုက် ပြည်သူများထံသို့ ဈေးနှုန်းသက်သာစွာဖြင့် အပတ်စဉ် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိရာ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

နေပြည်တော် ဩဂုတ် ၄

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။



### တစ်ခဲနက်ဝယ်ယူအားပေး

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

# ဒုတိယဆီအိုး ဖြိုးလျှံတိုးအောင် ကြံဆောင်မနေး ပြည့်ရှေ့ရေး

မိုင်သန်းနေ

**ပင်လယ်ပြာပြာ၊ စိမ်းညို့ညို့တောင်တန်း၊ စိမ့်စမ်းရေတံခွန် အသွယ်သွယ်ဖြင့် သဘာဝရေမြေအနေအထားအရ ရှုမဝအောင်လှပနေသည့် ဒက္ခိဏတိုင်းဒေသနေ မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း ကမ်းရိုးတန်းမြေမဟီ တနင်္သာရီ ဤဒေသ၏ နယ်ခြားစည်းရိုး ကော့သောင်းမြို့သို့ အရောက်သွားရာလမ်းတစ်လျှောက်တွင် ဆီအုန်းပင်များ အစီအရီစိုက်ပျိုးထားပါသည်။**

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာ့စပါးကျီ အဖြစ် ထင်ရှားသကဲ့သို့ ဆီအိုးကြီးအဖြစ် ပဲ၊ နှမ်း၊ ပြောင်း အထွက်များသော မကွေးတိုင်းဒေသကြီးကို တင်စားထားပါသည်။ ဤသို့ဆိုလျှင် ဆီအုန်းပင် များစွာဖြစ်ထွန်းပေါက်ရောက်နေသော တနင်္သာရီ တိုင်းဒေသကြီးသည် ဒုတိယဆီအိုးကြီးအဖြစ် မှတ်ကျောက်တင်နိုင်ရန် အလားအလာကောင်း များစွာရှိပါသည်။

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအဟန့်အတားဖြစ်**

မြန်မာနိုင်ငံတွင် ဆီစားသုံးမှုမှာ တစ်ဦးချင်း အနေဖြင့် မြင့်မားပြီး နှစ်စဉ် ပြည်ပမှ စားအုန်းဆီ တန်ချိန်များစွာ တင်သွင်းနေရပါသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စားသုံးဆီတန်ချိန် ရှစ်သိန်းကျော် (အမေရိကန်ဒေါ်လာသန်း ၈၃၀ ကျော်ဖိုးခန့်) တင်သွင်းခဲ့ရသည်ဟု စစ်တမ်းများအရ သိရပါသည်။ ထိုသို့နိုင်ငံခြားငွေ အဆမတန် ယိုဖိတ်မှုမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအဟန့်အတား ဖြစ်ရပါ၏။

ပြည်တွင်းမှာပင် စိုက်ပျိုးထုတ်လုပ်နိုင်ပါလျက်နှင့် ပြည်ပမှ ဈေးကြီးပေး ဝယ်ယူတင်သွင်းစားသောက်နေခြင်းမှာ နိုင်ငံခြားထွက်ကုန်ကိုမှ အထင်ကြီးခြင်းကြောင့်လား၊ ပြည်တွင်းထွက် စားသုံးဆီအရည်အသွေး စံမမီသောကြောင့်လား၊ ပြည်တွင်းထွက်ကုန်ပမာဏ မလုံလောက်၍လား၊ ပြည်တွင်းစားသုံးဆီဈေးနှုန်း မြင့်တက်သောကြောင့်လား။ ထို "လား" ပေါင်းများစွာကို ဖြေရှင်းနိုင်ရန်မှာ ပြည်တွင်းထွက်ကုန် အားကောင်းပြီး အရည်အသွေး စံချိန်မီရန် အရေးအကြီးဆုံး ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်စေရန် လူတစ်ဦးသည် တစ်ရက်လျှင်ဆီ ၁ ဒသမ ၈ ကျပ်သားမျှသာ စားရန် လိုအပ်၏။ စားသုံးဆီကို အဓိက သုံးမျိုးခွဲခြားနိုင်ပါသည်။ မပြည့်ဝဆီ၊ ပြည့်ဝဆီနှင့် အသွင်ပြောင်းဆီတို့ဖြစ်ပါသည်။ မပြည့်ဝဆီသည် သံလွင်ဆီ၊ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ ပဲပိစပ်ဆီ၊ ပြောင်းဖူးစေ့ဆီ၊ ထောပတ်သီးဆီ စသည့် ဟင်းသီးဟင်းရွက်ဆီများဖြစ်ကြပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။

ပြည့်ဝဆီတွင် ဝက်ဆီ၊ အမဲဆီ၊ ကြက်ဆီ၊ စားအုန်းဆီ၊ နို့နှင့်နို့ထွက်ပစ္စည်း စသည်တို့ ပါဝင်ပြီး ကျန်းမာရေးကို အကျိုးပြုသည့်အဆီဓာတ်နှင့် အကျိုးမပြုသည့်အဆီဓာတ် ရောနှောပါဝင်သည်။ ပြည့်ဝဆီကို နည်းနိုင်သမျှနည်းအောင် ဂရုပြုစားသင့်ပါသည်။ စွမ်းအင်အာဟာရစားသုံးမှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် လျှော့စားရပါမည်။ အကြိမ်ကြိမ်ပြန်ကြော်ထားသောဆီများ၊ ပြန်လည်သန့်စင်ထားသောဆီများသည် အသွင်ပြောင်းဆီ အမျိုးအစားထဲတွင် ပါဝင်သည်။


တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆီအုန်းပင်စိုက်ခင်းများ။

**ကျန်းမာရေးထိခိုက်**

ထိုပြောင်းလဲဆီများကို ရေရှည်စားသုံးလျှင် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားစေသည့်အပြင် ကင်ဆာရောဂါအထိ ဖြစ်နိုင်ပါသည်။ ထို့ထက်ဆိုးရွားသည်မှာ စားသုံးရန်မသင့်သည့် ဆီများထဲသို့ မြေပဲ၊ နှမ်း၊ နေကြာအနံ့များထည့်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေခြင်းကြောင့် ကျန်းမာရေးထိခိုက်စေခြင်းပင်ဖြစ်ပါသည်။ ဆီကို အလွန်အကျွံစားသုံးလျှင် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါအမျိုးမျိုး၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ခြင်းတို့အပြင် ကင်ဆာရောဂါအထိဖြစ်နိုင်ပါသည်။ အဆီဓာတ်နည်းလျှင်မူ ကိုလက်စထရောဓာတ်လျော့ပါးနိုင်သဖြင့် လုပ်ငန်းဆောင်တာများ ချို့ယွင်းခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ အရိုးအဆစ်များနာကျင်ခြင်း စသည်တို့ ဖြစ်တတ်ပါသည်။

ထို့ပြင် ပဲ၊ နှမ်း၊ နေကြာ၊ အုန်း စသည့်အစေ့အဆန်များမှ ထုတ်ယူသည့်ဆီများတွင် သိုလှောင်မှုစနစ် ချို့ယွင်းမှုကြောင့် မှိုပေါက်ပွားကာ မှိုဆိပ် (အာဖလာတော့ဆင်) ပါဝင်နိုင်ပါသည်။ ထိုမှိုဆိပ်ကို ရေရှည်စားသုံးမိလျှင် အသည်းကြွပ်ဆတ်ကာ အသည်းကင်ဆာအထိ ဖြစ်နိုင်ပါသည်။ စားသုံးရန်မသင့် (ခွင့်မပြု) ဓာတုပစ္စည်းများရောထားသည့် ဆီများကို ရေရှည်ကြာမြင့်စွာ စားသုံးမိလျှင်လည်း အူမကြီးထိခိုက်ခြင်း၊ ဆီးကျိတ်ရောင်ခြင်း၊ အာရုံကြောပျက်စီးခြင်း၊ အယ်လ်ဇိုင်းမားရောဂါ၊ သူငယ်ပြန်ရောဂါ၊ သွေးကြောအဆီပိတ်ရောဂါများ ဖြစ်စေပါသည်။

**စားအုန်းဆီထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်**

"တန်ဆေး၊ လွန်ဘေး" ဆိုသလိုပင် ဆီလျှော့စားခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံးပင်ဖြစ်ပါသည်။ တစ်ဖက်မှလည်း ပြည်တွင်းဆီလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် စားအုန်းဆီ ပိုမိုထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရပါမည်။ ယခင်ကတည်းကပင် တောမပျက်၊ တောင်မပျက် စိုက်ပျိုးခဲ့ကြသော ဆီအုန်းပင်များကို တိုးချဲ့စိုက်ပျိုးကြရပါမည်။ "အမျိုးမှန်မှ အဖိုးတန်"ဟူသည့်အတိုင်း ပျိုးပင်မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ရန် အထူးလိုအပ်ပါသည်။ စိုက်ပျိုးမြေအရည်အသွေးကိုလည်း စဉ်ဆက်မပြတ် စစ်ဆေး၊ ဖြည့်တင်းရမည် ဖြစ်ပါသည်။ ရေအလုံအလောက်ရရန်လည်း အလေးပေးရပါမည်။ သက်တမ်းကုန်အပင်များကို ဖယ်ရှားပြီး ပြန်လည်အစားထိုးစိုက်ပျိုးရန် လိုပါသည်။

သို့မှသာ ကုန်ကြမ်းပြတ်လပ်မှုမရှိနိုင်ပါ။ တစ်ဖက်တစ်လမ်းမှ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်းဖြင့် ဆီအုန်းအထွက်တိုးအောင် ကြံဆောင်သကဲ့သို့ စားသုံးဆီချောအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းတွင်လည်း စံချိန်မီနည်းစနစ်များ လိုအပ်ပါသည်။ ဆီအုန်းခိုင်များကိုခုတ်ပြီး ဆီကြိတ်စက်ရုံများသို့ ပို့ဆောင်ရာတွင် လမ်းခရီးဝေးလွန်းသဖြင့် အချိန်ကြာမြင့်သွားပါက ဆီအရည်အသွေး ကျဆင်းသွားပါသည်။ ဆီကြိတ်စက်သည် ဆီအုန်းခြံများနှင့် နီးနိုင်သမျှ အနီးဆုံးတွင် ရှိရပါမည်။ သို့မှသာ အုန်းပျိုဆီ (Virgin Oil) ကဲ့သို့သော တန်ဖိုးမြင့် ထုတ်ကုန်များကိုလည်း အလွယ်တကူ ထုတ်လုပ်နိုင်မည်ဖြစ်၏။ "နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင်" ဟု ဆိုစေကာမူ နှမ်းတစ်တောင်းဖြင့်တော့ ဆီကြိတ်နိုင်ပါသည်။

**အကြီးစားစက်မှုစီးပွားရေးလုပ်ငန်းအထိ လှမ်းတက်နိုင်**

စားအုန်းဆီထုတ်လုပ်ခြင်းအတွက် ဆီအုန်းပင် တိုးချဲ့စိုက်ပျိုးခြင်း၊ စံချိန်မီနည်းစနစ်များဖြင့် စားသုံးဆီ တိုးမြှင့်ထုတ်လုပ်ခြင်းတို့ကို တတ်နိုင်သမျှ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ဝမ်းစာအတွက် မပူမပင်ရမည့်အပြင် နိုင်ငံခြားထွက်ငွေကို "စီးသည့်ရေ ဆယ်သည့်ကန်သင်း"ကဲ့သို့ တားဆီးနိုင်မည်ဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင် စားသောက်ကုန်ထုတ်လုပ်ငန်းမှ တစ်ဆင့် အကြီးစားစက်မှုစီးပွားရေးလုပ်ငန်းအထိ လှမ်းတက်နိုင်ပါမည်။ ဒေသခံတို့၏ အခွင့်အလမ်းလည်း ကျယ်ပြန့်လာပါမည်။

"တနင်္သာရီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး နဂိုရှိရင်းစွဲ သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အတွက် အနာဂတ်မျှော်မှန်းချက်များစွာရှိသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ပညာရေးကို အားပေးကြစေလိုပြီး စနစ်ကျနသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာရေးကိုအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တနင်္သာရီတိုင်းဒေသကြီးခရီးစဉ် (၁၃-၁-၂၀၂၂ ရက်) တွင် လမ်းညွှန်မှာကြားခဲ့ပါသည်။ ထိုသို့ ဆိုမိန့်ခဲ့သည့်အတိုင်း အဖိုးထိုက်တန်လှသည့် မြေဆီမြေနှစ်ကို စားအုန်းဆီပင်စိုက်ပျိုးရေးတွင် စနစ်တကျ အကျိုးရှိအောင် အသုံးချမည်ဆိုပါက "မြေကြီးမှ ရွှေသီး" လာမည်မှာ ဧကန်မလွဲပါတည်း။

ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီကို ဒေသထွက်ကုန်အဖြစ် ဖူလုံစွာစားသုံးနိုင်ပြီး နိုင်ငံ့စီးပွား၊ ပြည့်ခွန်အားအဖြစ် ကြွေးကြော်နိုင်ရန် ဆီအုန်းပင်များ ဆတက်ထမ်းပိုး စိုက်ပျိုးကာ အရည်အသွေးစံချိန်မီ စားသုံးဆီများ ထုတ်လုပ်ခြင်းဖြင့် စုပေါင်းကြံဆောင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**"ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စားအုန်းဆီ ပိုမို ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရပါမည်။ ယခင်ကတည်းကပင် တောမပျက်၊ တောင်မပျက် စိုက်ပျိုးခဲ့ကြသော ဆီအုန်းပင်များကို တိုးချဲ့ စိုက်ပျိုးကြရပါမည်။ "အမျိုးမှန်မှ အဖိုးတန်" ဟူသည့်အတိုင်း ပျိုးပင် မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ရန် အထူးလိုအပ်ပါသည်။ စိုက်ပျိုးမြေ အရည်အသွေးကိုလည်း စဉ်ဆက်မပြတ် စစ်ဆေး၊ ဖြည့်တင်းရမည်ဖြစ်ပါ သည်။ ရေအလုံအလောက်ရရန်လည်း အလေးပေးရပါမည်။ သက်တမ်းကုန် အပင်များကိုဖယ်ရှားပြီး ပြန်လည်အစားထိုးစိုက်ပျိုးရန်လို"**



# ဒူးရင်းဆိပ်ကျေးရွာ ရေဘေးရှောင်ပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

သထုံ ဩဂုတ် ၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒုံသမိချောင်းရေ မြင့်တက်လာရာ ရေဘေးလွတ်ရာရှောင်တိမ်း နေထိုင်ကြသည့် ဒူးရင်းဆိပ်ကျေးရွာအနိမ့်ပိုင်းနေ ပြည်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ယနေ့မွန်းလွဲပိုင်းက ငါးရက်စာ အခြေခံ စားသောက်ကုန်များကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။



ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အေးခန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရေဘေးရှောင်ပြည်သူများအတွက် ငါးရက်စာ ဆန်ကိုးအိတ်၊ ဆီ ၄၁ ဘူး၊ ကြက်ဥ ၉၈၅ လုံး၊ ခေါက်ဆွဲခြောက် တစ်ဦးလျှင် ငါးထုပ်နှုန်းစသည့် အခြေခံစားသောက်ကုန်များကို ဒူးရင်းဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ပြည်သူများထံ ထောက်ပံ့ပေးအပ်သည်။

ဒူးရင်းဆိပ် ကျေးရွာတွင် ရေလုပ်ငန်းလုပ်ကိုင်သူ အများစု နေထိုင်ကြပြီး ဒုံသမိချောင်းရေမြင့်တက်လာသဖြင့် ကျေးရွာအနိမ့်ပိုင်း လူနေအိမ်ခြံဝင်းများသို့ ရေအမြင့် လေးပေခန့် ဝင်ရောက်လာသောကြောင့် ရေဝင်ရောက်သည့်နေအိမ်များကို ရေလွတ်ရာဖြစ်သည့် ဒူးရင်းဆိပ်ကျေးရွာ တပ်ဦးဘုန်းတော်ကြီးကျောင်းနှင့် ရွာလယ်ဓမ္မာရုံတို့၌ အိမ်ထောင်စု ၄၁ စုမှ လူဦးရေ ၁၉၇ ဦးတို့ကို ပြောင်းရွှေ့ နေရာချထားပေးခဲ့သည်။ ရေဘေးရှောင်ပြည်သူများအား ရေဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်း၊ လုံခြုံရေး၊ ကျန်းမာရေး အစရှိသည့် လိုအပ်သည့်ကူညီထောက်ပံ့မှုများကို တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မြဝတီမြို့၌ သောင်ရင်းမြစ်ရေလျှံမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်း ငါးခု ဖွင့်လှစ်ထား

မြဝတီ ဩဂုတ် ၄

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ယမန်နေ့ညပိုင်းက သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၉၆၃ စင်တီမီတာထက်ကျော်လွန်ကာ မြစ်ရေလျှံတက်မှု ဖြစ်ပွားခဲ့သည်။

သောင်ရင်းမြစ်ကမ်းရပ်ကွက်များနှင့် အနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေကြီးမှုဖြစ်ပွားလျက်ရှိရာ အဆိုပါနေရာမှ ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်း ငါးခုဖွင့်လှစ်ပြီး ပြောင်းရွှေ့နေရာချထားခြင်းဖြစ်သည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးရှောင်ပြည်သူများအား သဃ်န်းညီနောင်အခြေချစစ်ဗျူဟာမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းထွန်းလတ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ ရှေ့တန်းမှူး ဗိုလ်မှူး အောင်ကျော်မင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ထက်ဝင်းနှင့်တာဝန်ရှိသူများက ထောက်ပံ့ရေးပစ္စည်းများ သွားရောက်လှူဒါန်းသည်။

ရေဘေးရှောင်ပြည်သူများအတွက် နေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဒေသအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စု ၁၇၆ စုမှ အမျိုးသား ၃၇၆ ဦး၊ အမျိုးသမီး ၄၁၆ ဦး စုစုပေါင်း ၇၉၂ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ဘီးလင်းမြစ်ရေ စိုးရိမ်ရေအမှတ် ကျော်လွန်မြင့်တက်လာသည့်အတွက် အိမ်ထောင်စု ၁၃၀၅ စုအား ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေရာချထား



ဘီးလင်း ဩဂုတ် ၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းကာ တောင်ကျရေများစီးဆင်းမှုကြောင့် ဘီးလင်းမြစ်ရေသည် ယနေ့ညနေပိုင်းတွင် စိုးရိမ်ရေအမှတ် ၁၀၂၂ စင်တီမီတာအထက် တစ်ပေခွဲ ကျော်လွန်ကာ မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာအချို့ရှိ နေအိမ်များ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်အိမ်ခြေ ၁၂၈၈ ခုရှိ အိမ်ထောင်စု ၁၃၀၅ စု မှ ကျား ၂၉၇၈ ဦး၊ မ ၃၃၂၀ စုစုပေါင်း ၆၂၉၈ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင်(၂)၊ ဗိုလ်မှူး နိုင်အောင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းတင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်း၊ ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ရေဘေးရှောင်စခန်း ၂၅ ခုသို့ ပြောင်းရွှေ့ပေးလျက်ရှိသည်။

ရေဘေးရှောင်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်များကို ပေးအပ်ခြင်းနှင့် သက်ကြီးအဘိုး၊ အဘွားများအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၄

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် သုံးပေခန့်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ပြန်လည်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**နန့်ယင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ကော့ကရိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်များအတွင်းသို့ ရေများဝင်ရောက်

ကော့ကရိတ် ဩဂုတ် ၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ဩဂုတ် ၁ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းကာ ဟောင်သရောမြစ်နှင့် ဂျိုင်းမြစ်ရေလျှံမှုကြောင့် ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့ပေါ် ရပ်ကွက်များရှိ မြေနိမ့်ပိုင်းတို့တွင် ရေများဝင်ရောက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ကော့ကရိတ်မြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်းများဖြစ်သည့် အမှတ်(၁)၊(၂)၊(၄)၊(၅)၊(၆)ရပ်ကွက်တို့တွင် နေထိုင်သည့်နေအိမ်များတွင် ရေများဝင်ရောက်လျက်ရှိပြီး အမှတ်(၅) ရပ်ကွက် စက်မှုသိပ္ပံကျောင်းတွင် ရေများဝင်ရောက်သဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀ တို့ကို ကော့ကရိတ်မြို့နယ် မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ စက်လှေတစ်စင်း၊ မီးငြိမ်းသတ်ယာဉ်တို့ဖြင့် ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# ပန်းတနော်မြို့နယ်၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

ပန်းတနော် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက မင်းဆယ်ကျေးရွာအုပ်စု လှိုင်တာကျေးရွာ သရက်ချောင်း- မင်းဆယ်တာ တာမိုင် (၂/ ၄) မိုင်တွင် ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွန်း ၊ ဒုတိယဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့် တာဝန်ရှိသူများက မြစ်ရေကြီးစဉ် တာတမံရေဘေးအန္တရာယ် ကျရောက်ပါက ဖြစ်ပေါ်တတ်သည့် ရေပေါက် (ထူးပေါက်) ပေါက်ခြင်း၊ တာထိပ်ပေါ်ရေကျော်ခြင်း၊ တာအိခြင်း၊ သဲဗွက်ထခြင်းတို့ဖြစ်ပေါ်ပါက လုပ်ဆောင်ရမည့် နည်းစနစ်များ၊ ရှောင်သင့်သည့်အချက်များ၊ တာတမံကျိုးပေါက်နိုင်သည့်အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များပူးပေါင်း၍ ရေဘေးအန္တရာယ်ကျရောက်ပါက တာတမံများအား ကြိုတင်ပြင်ဆင်လုပ်ဆောင်ရမည့် အချက်များကို လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)



## လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိခဲ့သော ကချင်ပြည်နယ်အတွင်းမှ ဘဏ်ခွဲများနှင့် ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်နိုင်သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား ဩဂုတ် ၄

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်ခွဲများအနက် လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိခဲ့သူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ဆုများရရှိခဲ့သော ပြည်နယ်လက်ရွေးစင်အသင်းတို့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ သည်။

ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးစသည့် ကဏ္ဍများစွာကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဆုတံဆိပ်များကို ရရှိခဲ့ခြင်းသည် မိမိတို့၏ကြိုးပမ်းမှုများ၏ အကျိုးရလဒ်ပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့ကချင်ပြည်နယ်အတွက် ကဏ္ဍများအလိုက် ထူးချွန်ဆုများရရှိအောင် ကြိုးစားစွမ်းဆောင်ခဲ့သူများကို ပြည်နယ်ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် နောင်ကိုလည်း ယခုထက်ပို၍ ကြိုးစားစွမ်းဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက နှစ်(၇၀) ပြည့် ဘဏ်နှစ်ပတ်လည်အခမ်းအနားတွင် ဆုရမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ (၄၇) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော ပြည်နယ်လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲ ဝင် အမျိုးသား၊ အမျိုးသမီးအသင်းတို့အတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**

## ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) ၌ ဆေးဘက်ကျွမ်းကျင်(၄)(ဓာတ်ခွဲ) သင်တန်းဖွင့်၊ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့

ဘားအံ ဩဂုတ် ၄

ကျန်းမာရေး ဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်နယ်ပြည်သူ့ ဆေးရုံကြီး(ဘားအံ)တွင် (၆၂) ကြိမ်မြောက် ဆေးဘက်ကျွမ်းကျင်(၄) (ဓာတ်ခွဲ)ရှစ်လ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါဆေးရုံကြီး သုံးထပ်ဆောင် အစည်းအဝေး ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။

(၆၂)ကြိမ်မြောက် ဆေးဘက်ကျွမ်းကျင်(၄) (ဓါတ်ခွဲ) ရှစ်လ သင်တန်းသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)တွင် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၄၂ ဦး တက်ရောက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားသည်။

### တွေ့ဆုံအားပေး

ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံလွင်မြစ်ရေ မြင့်တက်လာပြီး ဘားအံမြို့ပေါ် ရပ်ကွက်အချို့ရှိ မြေနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်လာသည့်အတွက် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာနေရာများသို့ ယာယီရွှေ့ပြောင်းနေရာချထားပေးခဲ့ကြရာ ယနေ့ နံနက် ၁၁ နာရီက ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၁) ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများအား သွားရောက် တွေ့ဆုံအားပေး၍ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယနေ့နံနက် ၁၁ နာရီထိ ဘားအံမြို့ မြေနိမ့်ပိုင်းရပ်ကွက်များမှ အိမ်ထောင်စု ၉၀၊ လူဦးရေ ၃၁၃ ဦး ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီး၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အစည်းအဝေး ကျင်းပ

ထားဝယ် ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ကို ယမန်နေ့ မွန်းလွဲ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး၌ စိုက်ပျိုးရေးအနေဖြင့် ရော်ဘာလုပ်ငန်းများတွင် ယခင်က အဆင့်(၁)(၂) ဖြင့်လုပ်ဆောင်နိုင်သောကြောင့် နိုင်ငံခြားသို့တင်ပို့သည့်အခါတွင် ကုန်ကြမ်းအဖြစ်သာ ပို့၍ရကြောင်း၊ ယခုအခါတွင် ရော်ဘာစက်ရုံများ ပေါ်လာပြီး နည်းပညာများဖြင့်ပြုလုပ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာသည့်အတွက် နိုင်ငံခြားက လက်ခံနိုင်သောအဆင့်ရှိလာကြောင်း၊ တိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ဧက လေးသိန်းကျော်ရှိပြီး ဆီကြမ်းတန်ချိန် အများအပြားထွက်ရှိသည့်အတွက် လုံလောက်သော အနေအထားရှိကာ ဆီကြမ်းထွက်ပြီး ဆီချောစက်ရုံမရှိသောကြောင့် တိုင်းဒေသကြီးအနေဖြင့် ဆီဖူလုံမှုရာခိုင်နှုန်း သုည ဒသမ၂၅ သာရှိကြောင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ဆီချောစက်ရုံတည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးအနေဖြင့် တိုင်းဒေသကြီးတွင် ငါး၊ ပုစွန်၊ ကဏန်းများသည် ဒေသအတွင်း အဆင်ပြေလျက်ရှိပြီး ပုစွန်မွေးမြူရေးတွင်ကန် ၂၅၀ ခန့်၊ ဧကအနေဖြင့် ၂၀၀၀ ကျော်ရှိကြောင်း၊ ပုစွန်မွေးမြူရေးတွင် ပုစွန်သားပေါက် ဝယ်ယူရရှိသည့်အတွက် အဆင်ပြေကြောင်း၊ မကြာမီကာလအတွင်း ပုစွန်သားပေါက်နှင့် အစာထုတ်လုပ်မည့်ကိစ္စရပ်များကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် ဂျင်းခရုမွေးမြူရေးသည် အောင်မြင်လာသည့်အတွက် အထူးသဖြင့် အကျိုးအမြတ်ရရှိမှုများပြားကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ် က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြောင်းမြမြို့၌ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

မြောင်းမြ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ စိုက်ပျိုးရေးဦးစီးဌာန (မြောင်းမြခရိုင်/လပွတ္တာခရိုင်)နှင့် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဦးစီးဌာနခွဲ (ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၃ -၂၀၂၄ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကျုံဝါးကျေးရွာ ကျုံဝါးစိုက်ပျိုးပညာပေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိန်က အဖွင့်အမှာစကားပြောကြားပြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဦးစီးဌာနခွဲ(ရန်ကုန်တိုင်းဒေသကြီး)တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဦးစီးဌာနခွဲ (ရန်ကုန်တိုင်းဒေသကြီး)တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ ဦးချစ်ကိုကို(ဦးစီးအရာရှိ)မှော်ဘီမြို့နယ်၊ ဦးထက်နိုင်အောင် ဒုတိယလက်ထောက်ဦးစီးမှူးတို့က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၄ ရက်မှ ၆ ရက် အထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်းသိရသည်။

**ဝေဝေ(မြောင်းမြ)**

# နိုင်ဂျာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပယ်ချကြောင်း အမိမြေကာကွယ်စောင့်ရှောက်ရေးအမျိုးသားကောင်စီ အကြီးအကဲ ပြောကြား

**နီးယားမေ ဩဂုတ် ၄**

နိုင်ဂျာနိုင်ငံ အမိမြေကာကွယ်စောင့်ရှောက်ရေးအမျိုးသားကောင်စီ (CNSP) ၏ အကြီးအကဲ Abdourahamane Tchiani က အနောက်အာဖရိကနိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်း (ECOWAS) နှင့် အနောက်အာဖရိက စီးပွားရေးနှင့် ငွေကြေးသမဂ္ဂ(UEMOA)တို့က ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ပယ်ချကြောင်း ကြေညာခဲ့သည်။



ယင်းသို့ တရားမျှတမှုမရှိသည့် လူမဆန်သော ဒဏ်ခတ်အရေးယူမှုများသည် ပြည်သူများအား ထိတ်လန့်တုန်လှုပ်စေခဲ့ကြောင်း Tchiani က ၎င်း၏ကြေညာချက်တွင် ထည့်သွင်းရေးသားသည်။

စီးပွားရေး ပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်းသည် နိုင်ဂျာနိုင်ငံ အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီ၏ အာဏာသိမ်းမှုအပေါ် ထိရောက်မှုမရှိနိုင်ပါကြောင်းလည်း Tchiani က ဆိုသည်။

ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်တွင် အနောက်အာဖရိကနိုင်ငံများ၏ စီးပွားရေး အသိုက်အဝန်း(ECOWAS)နှင့် အနောက်အာဖရိက စီးပွားရေးနှင့် ငွေကြေးသမဂ္ဂ(UEMOA) ခေါင်းဆောင်များက နိုင်ဂျီးရီးယားနိုင်ငံမြို့တော် အဘူဂျာ၌ တွေ့ဆုံပြီး နိုင်ဂျာနိုင်ငံ၌ အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် စီးပွားရေး ပိတ်ဆို့အရေးယူမှုများကို ချမှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

**ဝင်ရောက်စွက်ဖက်**

ထို့ပြင် အမိမြေကာကွယ်စောင့်ရှောက်ရေးအမျိုးသားကောင်စီ(CNSP)၏ အကြီးအကဲ Abdourahamane Tchiani အနေဖြင့် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုက်နာကျင့်သုံးရန် ၎င်းတို့က ရာဇသံပေးခဲ့သည်။ ကြေညာချက်ထုတ်ပြန်ပြီးနောက် ခုနစ်ရက်အတွင်း လိုက်နာမှုမရှိပါက စစ်ရေးအရ ဝင်ရောက်စွက်ဖက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က နိုင်ဂျာတပ်မတော်မှ တပ်ဖွဲ့ဝင်များသည် သမ္မတ မိုဟာမက် ဘာဇူအမ်အား ရာထူးမှ ဖြုတ်ချခဲ့သည်။ နိုင်ဂျာသမ္မတ ကိုယ်ရံတော် ခေါင်းဆောင်ဟောင်း Tchiani အား နိုင်ဂျာနိုင်ငံ အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီ(CNSP)၏ အကြီးအကဲအဖြစ် ခန့်အပ်ခဲ့ပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာများကို အပ်နှင်းခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က အာဏာသိမ်းမှုပြီးနောက် နိုင်ဂျာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများကို ကန့်ကွက်သည့်အနေဖြင့် အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီကို ထောက်ခံသူများက ယမန်နေ့က မြို့တော်နီးယားမေ၌ စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြသည်။

"နိုင်ဂျာ၊ ရုရှား၊ မာလီနှင့် ဘာကီနာဖာဆိုနိုင်ငံများ အဓွန့်ရှည်ပါစေ" "ပြင်သစ်၊ ECOWAS နှင့် EU တို့ ကျဆုံးပါစေ" ဟုရေးသားထားသည့် ဆိုင်းဘုတ်ကို ဆန္ဒထုတ်ဖော်သူတစ်ဦးက ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ အာတီနယူးစ်**
**ဘာသာပြန် - အောင်ကျော်ကျော်**




## ဂျပန်အစိုးရ ဆိုက်ဘာလုံခြုံရေးစင်တာ ဟက်ကာတိုက်ခိုက်ခံရ

**တိုကျို ဩဂုတ် ၄**

ဂျပန်အစိုးရ၏ ဆိုက်ဘာလုံခြုံရေးစင်တာသည် ၎င်း၏အီးမေးလ်စနစ်သို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်မှုများကို စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းဟက်ကာတိုက်ခိုက်မှုဖြစ်ရပ်ကြောင့် စင်တာမှဒေတာအချို့ ပေါက်ကြားနိုင်ခြေရှိကြောင်း ပြောကြားခဲ့သည်။

ယခုဖြစ်ရပ်ကို စုံစမ်းစစ်ဆေးချက်များအရ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ အစောပိုင်းနှင့် ဇွန်လလယ်ပိုင်းများအတွင်း ဆောင်ရွက်ခဲ့သည့် အီးမေးလ်များ ပေးပို့ခြင်းနှင့် လက်ခံခြင်းဆိုင်ရာ အချက်အလက်အချို့သည် ပြင်ပသို့ပေါက်ကြားသွားနိုင်ကြောင်း စင်တာက ပြောကြားခဲ့သည်။

တာဝန်ရှိသူများက ယခုအချက်အလက်ပေါက်ကြားမှုတွင် အီးမေးလ်လိပ်စာများကဲ့သို့သော ကိုယ်ရေးကိုယ်တာ အချက်အလက်များပါဝင်ပြီး ပေါက်ကြားမှုအရေအတွက်နှင့် အချက်အလက်အကြောင်းအရာများကို သိရှိရန်ကြိုးစားနေကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုသည်။ ယခုဖြစ်စဉ်သည် ကိုယ်ရေးကိုယ်တာအချက်အလက် အလွဲသုံးစားမှုဟုတ်၊ မဟုတ်အတည်မပြုနိုင်သေးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ၎င်းစင်တာမှ ပေးပို့သည်ဟုဆိုထားသော သံသယဖြစ်ဖွယ်အီးမေးလ်များကို လက်ခံရရှိနိုင်သဖြင့် သတိထားကြရေး ဆိုက်ဘာလုံခြုံရေးစင်တာက နိုင်ငံသားများကို တောင်းဆိုထားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

## ကမ္ဘာ့အအေးဆုံးအန္တာတိကဒေသရှိ ရုရှားသုတေသနစခန်းတွင် ဖရဲသီးစိုက်ပျိုးနိုင်ခဲ့

**မော်စကို ဩဂုတ် ၄**

ရုရှားသုတေသီများသည် ကမ္ဘာ့အအေးဆုံးဒေသဖြစ်သည့် အန္တာတိကဒေသရှိ ဗိုစတော့ခ်သုတေသနစခန်းတွင် ဖရဲသီးများကို အောင်မြင်စွာ စိုက်ပျိုးခဲ့ကြောင်း အာတိတ်နှင့် အန္တာတိတ်သုတေသနအင်စတီကျု၏ ထုတ်ပြန်ချက်အရ သိရသည်။

"ယခု လက်တွေ့စမ်းသပ်စိုက်ပျိုးမှုရဲ့ ရလဒ်တွေက အံ့မခန်းဖြစ်ပါတယ်။ အန္တာတိကတိုက်ရဲ့ အပြင်းထန်ဆုံးရာသီဥတုအခြေအနေတွေမှာ ဒီဖရဲသီးတွေကို စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဘူမိရူပဗေဒပညာရှင် Andrey Teplyakov က ပြောကြားခဲ့သည်။ "ဒီဖရဲသီးရဲ့အရသာနဲ့ အနံ့က မဆိုးပါဘူး။ အသီးအရွယ်အစားက အချင်း ၁၃ စင်တီမီတာအထိရှိပြီး အလေးချိန် ၁ ကီလိုဂရမ်အထိ ရှိပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ စမ်းသပ်မှုသည် အာတိတ်နှင့် အန္တာတိတ်သုတေသနအင်စတီကျူ၊ စိုက်ပျိုးရေးသုတေသန အင်စတီကျူနှင့် ရုရှားသိပ္ပံအကယ်ဒမီ၏ ဇီဝဆေးပညာအင်စတီကျူတို့အကြား ပူးတွဲဆောင်ရွက်သည့် ပရောဂျက်တစ်ခုဖြစ်သည်။ Vostok သုတေသနစခန်းတွင် စိုက်ပျိုးရေးသုတေသနအင်စတီကျူက အထူးဒီဇိုင်းထုတ်ထားသော ဇီဝနည်းပညာဆိုင်ရာ အကူအညီဖြင့် အပင်များစိုက်ပျိုးရန် လေအပူချိန်နှင့် စိုထိုင်းဆကဲ့သို့သော လိုအပ်သည့်အရာများကို သိပ္ပံပညာရှင်များက ထိန်းညှိဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းစခန်းတွင် အပင်များ စိုက်ပျိုးရာတွင် ပါးလွှာသည့် မြေဆီလွှာ၊ အစားထိုးအာဟာရများနှင့်အထူးရွေးချယ်ထားသည့် အလင်းရောင်ကို အသုံးပြုရပြီး လေဖိအားနည်းရပ်ဝန်းနှင့် အောက်ဆီဂျင်ချို့တဲ့မှုတို့ကို လိုက်လျောညီထွေဖြစ်စေနိုင်သည့် ဖရဲသီးမျိုးကွဲနှစ်မျိုးကို ဧပြီလအစောပိုင်းတွင် စိုက်ပျိုးခဲ့သည်။ ဇူလိုင်လတွင် အဆိုပါစခန်းမှ ဝင်ရိုးစွန်းစူးစမ်းလေ့လာသူများသည် ပထမဆုံးသော အသီးအနှံများကို စားသုံးနိုင်ခဲ့ကြကာ စိုက်ပျိုးရေးလုပ်ငန်းစဉ် တစ်ခုလုံး ၁၀၃ ရက်ကြာခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏ သုတေသနစခန်းများတွင် သီးနှံပင်စိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်ရေးအတွက် ကုန်ကျစရိတ်နှင့်အကျိုးရှိမှုတွက်ချက်ခြင်းကို ယခင်ကတည်းက ဆောင်ရွက်ခဲ့ကြောင်း အာတိတ်နှင့် အန္တာတိတ်သုတေသန အင်စတီကျူမှ ညွှန်ကြားရေးမှူး မက်ကရော့က ပြောကြားသည်။ နောင်တွင် ဘလက်ဘယ်ရီနှင့် စတော်ဘယ်ရီသီးကဲ့သို့သော သီးနှံများကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အာတီနယူးစ်**
**ဘာသာပြန် - စိုးသူရ**



## ထိုင်းနိုင်ငံ၌ ကုန်တင်ရထားနှင့် ကားတစ်စီးတို့ တိုက်မိ၊ ရှစ်ဦးသေဆုံး

**ဗန်ကောက် ဩဂုတ် ၄**

ထိုင်းနိုင်ငံ အရှေ့ပိုင်း၌ ကုန်တင်ရထားနှင့် မော်တော်ကားတစ်စီးတို့ ယနေ့ တိုက်မိရာ ရှစ်ဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

ဩဂုတ် ၄ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်တွင် နိုင်ငံ၏ အရှေ့ပိုင်း ချာချိုရန်ဆော် ပြည်နယ်ရှိ ရထားလမ်းကူးနေရာ၌ ကုန်တင်ရထားနှင့် အလုပ်သမားများတင်ဆောင်လာသည့် မော်တော်ကားတစ်စီးတို့ တိုက်မိခဲ့ကြောင်း ထိုင်းနိုင်ငံ အစိုးရမီးရထားဌာနက သတင်းထုတ်ပြန်သည်။

ရထားမောင်းသူသည် သုံးကြိမ်တိုင်တိုင် သတိပေးအချက်ပြခဲ့သော်လည်း ထရပ်ကားမောင်းသူက ရထားလာနေသည်ကို ဂရုမစိုက်ဘဲ လမ်းဖြတ်ကူးမောင်းနှင်ခဲ့ခြင်းကြောင့် ရထားတိုက်မိမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း အစိုးရမီးရထားဌာန တာဝန်ရှိသူများက ပြောကြားသည်။ အခင်းဖြစ်ပွားသည့် ရထားလမ်းကူးနေရာတွင် အလိုအလျောက်သတိပေးစနစ်များ တပ်ဆင်ထားခြင်းမရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အချိန်ရောက်ရှိနေပြီဟု ပါကစ္စတန်ဝန်ကြီးချုပ်ပြောကြား

**အစ္စလာမ်မာဘတ် ဩဂုတ် ၄**

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ချမှတ်ပြီး စုပေါင်းဆောင်ရွက်ရမည့်အချိန်သို့ ရောက်ရှိနေပြီဟု ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှရစ်ဖ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် ရေကြီးရေလျှံခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲမှုများကြောင့် အခြားနိုင်ငံများကိုလည်း အကျိုးသက်ရောက်မှုများ ရှိလာနိုင်သဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းက လက်တွဲဖြေရှင်းဆောင်ရွက်ပေးရေးအတွက် ၎င်းက ပန်ကြားခဲ့သည်။

သမိုင်းတွင် အဆိုးရွားဆုံး ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုများသည် ပါကစ္စတန်နိုင်ငံ၏ သုံးပုံတစ်ပုံကို ရေအောက်သို့ နစ်မြုပ်သွားစေပြီး အိမ်ခြေများနှင့် စိုက်ပျိုးသီးနှံဧကသန်းပေါင်းများစွာ ပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံများ ပျက်စီးသွားကြောင်း ရှရစ်ဖ်က မှတ်ချက်ပြုခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် လက်ရှိအစိုးရ၏ ပြန်လည်တည်ဆောက်ရေးမူဘောင်အောက်တွင် ပါကစ္စတန်သည် ရေဘေးဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့ကို လုပ်ဆောင်နေကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ ပါကစ္စတန်အစိုးရအဖွဲ့သည် နိုင်ငံ၏မူဝါဒများ၊ အခြေခံအဆောက်အအုံများနှင့် လူမှုအသိုင်းအဝိုင်းများ၏ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် အမျိုးသားစီမံချက် ၂၀၂၃ ကို မကြာသေးမီက အတည်ပြုခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သံတွဲခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

စစ်တွေ ဩဂုတ် ၄

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သံတွဲခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲခရိုင်၊ ဂွမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် ရွှေဘုံသာ မရှိခဏဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြကာ သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိန္တလီမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် ဘိုကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြပြီး ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့နယ် ပဒဲကောကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်ရွှေ၏ အသားတိုးကြက် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ကြိမ်ချောင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ အကျိုးဆောင်တောင်သူဖြင့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုအား ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “သန်းလွင် မြင်းခြံ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၅) ရပ်ကွက်နေ သန်းလွင်အား ဩဂုတ် ၃ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Khine Lay 591” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်နေ မိမိမြိုင်(ခ) အိလေးအား ဩဂုတ် ၄ ရက် နံနက် ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မော်လမြိုင် (မုံရွာ) | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၃၁၂၀ |
| 95 Ron | ၂၂၈၅ | ၂၃၃၅ | ၂၃၃၅ | ၂၂၉၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၀ | ၂၃၂၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၂၂၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၂၈၀ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၇ | ၂၁၄၂ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၂ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❖ ကျောဖုံးမှ**

ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၅၁ မိနစ်တွင် အသင်းခေါင်းဆောင် ဟိန်းနေဆန်းက ဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းသော်လည်း တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ သက်ဟိန်းစိုးက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၁၅ ပွဲကစား ၁၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၁၇ မှတ် ရရှိထားသည်။

**နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ**

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် နိုင်ပွဲပြန်လည်ရခဲ့သဖြင့် အဆင့်တက်လာပြီး အား/ကာသိပ္ပံအသင်းမှာမူ ငါးပွဲဆက် နိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် ဟိန်းဇေယျာမင်း၊ ၅၅ မိနစ်တွင် သက်ပိုင်ကိုကိုတို့က သွင်းယူပြီး အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၅+၃ မိနစ်တွင် သိန်းဇော်သီဟက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းမှ သက်ပိုင်ကိုက ရရှိသည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက ၁၅ ပွဲကစား ၁၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၅ ပွဲကစား ၂၁ မှတ် ရရှိထားသည်။

ဩဂုတ် ၅ ရက်တွင် ပွဲမရှိဘဲ ဩဂုတ် ၆ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

# မက်မန်းပင်များ တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအားဖြင့် ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည့် အခွင့်အလမ်းများ

**မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝအရ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသောနိုင်ငံတစ်ခုဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိကကျသော စိုက်ပျိုးရေးထွက်ကုန်မှာ ဆန်စပါးဖြစ်သော်လည်း အခြားသော သစ်သီးဝလံပန်းမန်များ စိုက်ပျိုးခြင်းဖြင့်လည်း နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလျက်ရှိသည်။ မြန်မာနိုင်ငံသည် မြေမျက်နှာသွင်ပြင်အရ စိုက်ပျိုးဖြစ်ထွန်းသော မြေဆီများစွာရှိပြီး စိုက်ပျိုးဖြစ်ထွန်းမြေ ပေါများသည့်အတွက် သီးနှံစိုက်ပျိုးမှုကို များစွာအထောက်အကူပြုလျက်ရှိသည်။**

ဖြူလူသစ် – ခရိုင်(ပြန်/ဆက်)

မြန်မာနိုင်ငံ၏ တောင်ပေါ်မြို့တစ်မြို့ဖြစ်သည့် ပြင်ဦးလွင်မြို့သည် သဘာဝက ပေးအပ်ထားသည့် အဖိုးတန်မြေဆီသြဇာကောင်းမွန်မှုနှင့် အေးချမ်းသည့် ရာသီဥတုပိုင်ဆိုင်ထားသောကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအဖို့ ရတနာမြေအလား အထွက်နှုန်းကောင်းမွန်စေသော မြို့တစ်မြို့ဖြစ်သည်။ ယင်းသို့ သစ်သီးဝလံပန်းမန်များ စိုက်ပျိုးမှု ပိုမိုကောင်းမွန်ဖြစ်ထွန်းသည့်မြို့မှတစ်ဆင့် တန်ဖိုးမြှင့်ဒေသထွက်ကုန်များ တိုးတက်များပြားစွာ ထုတ်လုပ်နိုင်သည့်အဆင့်အထိ ရောက်အောင် လက်ရှိတွင် ကဏ္ဍအသီးသီးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒေသထွက်သီးနှံကုန်ကြမ်းများကို အခြေခံသည့် ဒေသထွက်ကုန်များအား ထုတ်လုပ်ရာတွင် ထုတ်ကုန်အရည်အသွေးကောင်းမွန်စေရေးနှင့် ထုပ်ပိုးမှုစနစ် ကောင်းမွန်စေရေးမှာလည်း အရေးကြီးသည့်အတွက် ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန်လည်း လိုအပ်နေသေးသည်။

**One Region – One Product ဖြစ်စေရေး**

လက်ရှိတွင် နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို အားပေးမြှင့်တင်လျက်ရှိပြီး တစ်ဖက်တွင်လည်း One Region – One Product အရ ဒေသ၏ နာမည်ကြီးထုတ်ကုန်များကို ထုပ်ပိုးမှုမှအစ ကုန်ပစ္စည်းအရည်အသွေး တိုးတက်ကောင်းမွန်စေရေးနှင့် ဈေးကွက်ကျယ်ပြန့်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပြင်ဦးလွင်မြို့၏ အဓိကထွက်ကုန်များဖြစ်သော ကော်ဖီ၊ စတော်ဘယ်ရီ၊ မက်မန်း၊ နေကြာ၊ မလိုင်မုန့်၊ ဆွယ်တာ၊ ဒေသထွက်ရာသီအလိုက် ပန်းမန်များသည် လက်ရှိတွင် နိုင်ငံတွင်း၌ ဈေးကွက်များ ခိုင်မာစွာရရှိထားဆဲဖြစ်သည်။ ထိုမှတစ်ဆင့် ဈေးကွက်ဝင်ဒေသထွက်ကုန်များကို အခြေခံကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အလျင်အမြန်အထောက်အကူပြုနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

**ပြင်ဦးလွင်ဒေသထွက်ကုန်မက်မန်း**

ပြင်ဦးလွင်ဒေသထွက်ကုန် မက်မန်းသည် ရှေးယခင် နှစ်ပေါင်းများစွာကပင် ဈေးကွက်ဝင်သီးနှံတစ်မျိုးအဖြစ် ၁၂ ရာသီပတ်လုံး ထုတ်လုပ်ရောင်းချနေရသော စီးပွားဖြစ်သီးနှံတစ်မျိုးဖြစ်သည်။ ပြင်ဦးလွင်မြို့နယ်၌ မက်မန်းသီးပင်များ စိုက်ပျိုးလျက်ရှိသော ကျေးရွာအုပ်စုများမှာ နောင်ပိန်၊ မဲတော၊ ပန်းဦးတောင်၊ မျှော့တော၊ ကျွဲနွားထောက်၊ ရွှေသင်းတို့ဖြစ်ပြီး တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ၉၅၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ ကျေးရွာအုပ်စုအသီးသီးရှိ မက်မန်းစိုက်ဧက ၉၅၃ ဧကမှ ထွက်ရှိသော မက်မန်းသီးများကို လက်ရှိတွင် မက်မန်းဝိုင်ပြုလုပ်ခြင်း၊ မက်မန်းအချဉ်ပေါင်း၊ မက်မန်းပျားရည်စိမ်၊ မက်မန်းသီးပြား၊ မက်မန်းတော်ဖီ၊ မက်မန်းယိုထိုးခြင်းနှင့် မက်မန်းဂျယ်လီပြုလုပ်ခြင်း စသဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲကာ ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။



ပြင်ဦးလွင်မြို့၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော မက်မန်းပင်များ။

**မက်မန်းပင်စတင်ခဲ့ပုံသမိုင်းနှင့် မက်မန်းပင်မျိုးစိတ်များ**

မက်မန်းသီးပင် (Damson Plant) သည် Family Name အားဖြင့် Rosaceae၊ Genus မှာ Prunus ဖြစ်ပြီး Scientific Name မှာ Prunus Domestica ဖြစ်သည်။ မက်မန်းသီးပင် သမိုင်းကြောင်းကို လေ့လာကြည့်ရာတွင် မက်မန်းသီးပင်သည် ရောမခေတ် ဗြိတိန်နိုင်ငံတွင် စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ယင်းမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ပျံ့နှံ့ခဲ့ပြီး ၁၈ ရာစု၊ ၁၉ ရာစုပိုင်းတွင် ဗြိတိန်နိုင်ငံမှ စက်မှုကုန်ကြမ်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် သီးနှံတစ်ခုဖြစ်သည်။ ၁၉ ရာစုနှောင်းပိုင်းတွင် မက်မန်းသီးမျိုးစိတ် ရှစ်မျိုး၊ ကိုးမျိုးခန့်ရှိခဲ့ပြီး ယင်းနောက် အာရှနိုင်ငံများသို့ ပျံ့နှံ့စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ လက်ရှိပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနေသော မက်မန်းသီးပင်မျိုးများမှာ ပြင်ဦးလွင်မြို့သို့ ကိုလိုနီအစိုးရယူခဲ့သော မျိုးစိတ်ပျိုးပင်များဖြစ်သည်ဟုလည်း သိရသည်။ ပြင်ဦးလွင်မြို့တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မက်မန်းသီးမျိုးများမှာ မက်မန်းသီးအဝါမျိုး၊ မက်မန်းသီးအနီမျိုး၊ မက်မန်းသီးအစိမ်းမျိုး စသည့်သုံးမျိုး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး လားရှိုး၊ ကွတ်ခိုင် အလုံးကြီးမက်မန်းမျိုး (Table Type)လည်း ယခုနောက်ပိုင်းတွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မက်မန်းသီးပင်စိုက်ပျိုးရန် မြေပြုပြင်ခြင်းကဏ္ဍ**

မက်မန်းသီးပင်စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးမည့်မြေနေရာအား သမားရိုးကျနည်းထက် တောင်သူများက မြေပြုပြင်စိုက်ပျိုးရန်လည်း လိုအပ်သည်။ ထိုသို့ စနစ်တကျ စိုက်ပျိုးမည်ဆိုပါက နှစ်ရှည်သီးထွက်ကောင်းသော မက်မန်းသီးပင်မျိုးအဖြစ် ရရှိနိုင်မည်ဖြစ်သည်။ မက်မန်းသီးပင် စိုက်ပျိုးမည်ဆိုပါက ဦးစွာ တောခုတ်၊ ကျွန်းခွေခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်ရန် လိုအပ်သည်။ ထို့နောက် ထယ်နှစ်စပ်၊ ထွန်တစ်စပ် မြေပြုပြင်ပေးရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြေပြင်ကို ပန္နက်ရိုက်ခြင်း (၁၅ x ၁၅) ပေ၊ ကျင်းတူးခြင်း၊ ကျင်းအတွင်းသို့ သဘာဝမြေသြဇာ၊ နွားချေးမြေသြဇာနှင့် ဓာတ်မြေသြဇာများ သမအောင် ရောမွှေထည့်သွင်း၍ ကျင်းဖုံးပေးထားရန် လိုအပ်သည်။ ယင်းအဆင့်များ လုပ်ဆောင်ပြီးပါက မက်မန်းသီးပင်များကို စီးပွားဖြစ် စတင်စိုက်ပျိုးနိုင်ပြီဖြစ်သည်။

> **ပြင်ဦးလွင်မြို့ ကျေးရွာအုပ်စုအသီးသီးရှိ မက်မန်းစိုက်ဧက ၉၅၃ ဧကမှထွက်ရှိသော မက်မန်းသီးများကို လက်ရှိတွင် မက်မန်းဝိုင်ပြုလုပ်ခြင်း၊ မက်မန်းအချဉ်ပေါင်း၊ မက်မန်းပျားရည်စိမ်၊ မက်မန်းသီးပြား၊ မက်မန်းတော်ဖီ၊ မက်မန်းယိုထိုးခြင်းနှင့် မက်မန်းဂျယ်လီပြုလုပ်ခြင်း စသဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ပြောင်းလဲကာ ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချလျက်ရှိ**

**မက်မန်းသီးပင် စိုက်နည်းစနစ်နှင့် မျိုးစုဆောင်းခြင်း**

မက်မန်းသီးပင် တစ်ဧကလျှင် စိုက်ပျိုးနိုင်မှုနှုန်းမှာ ၁၉၃ ပင်ဖြစ်ပြီး တစ်ပင်နှင့်တစ်ပင် ၁၅ ပေခြား၊ တစ်ကျင်းလျှင် နှစ်ပေပတ်လည်ကျင်းများ တူး၍ နှစ်လခန့် နှပ်ထားရန် လိုအပ်သည်။ မက်မန်းသီးပင်၏ မျိုးများရယူရာတွင် ပင်ခြေ Sucker(သားတက်)များမှ ရယူခြင်းနည်းနှင့် မက်မန်းသီးအစေ့မှ မျိုးပင်ရယူခြင်း စသည့် နည်းလမ်းနှစ်မျိုးဖြင့် မျိုးစုဆောင်းရယူနိုင်သည်။ မက်မန်းသီးပင်မျိုး စုဆောင်းမည်ဆိုပါက မေလအတွင်း Sucker အပင်ပေါက်များကို တူးယူကာ အမြစ်ထွက်စေသော ဟော်မုန်းဆေးများ အသုံးပြု၍ မျိုးစုဆောင်းနိုင်သည်။

**စိုက်ချိန်၊ မြေအမျိုးအစားနှင့် ရာသီဥတု**

မက်မန်းသီးပင်စိုက်ပျိုးချိန်မှာ ရေရရှိလျှင် ဧပြီလနှင့် ဇွန်လအတွင်း စိုက်ပျိုးပါက အသင့်လျော်ဆုံးအချိန်ဖြစ်ပြီး မက်မန်းသီးအထွက်နှုန်း အကောင်းဆုံးဟု သိရသည်။ စိုက်ပျိုးရာတွင် မြေချဉ်ငန်ဓာတ် pH (4.5 မှ 5.5) အထိရှိသော မြေနီသဲဝန်းတွင် ပိုမိုစိုက်ပျိုးဖြစ်ထွန်းနိုင်သည်ဟု ဆိုသည်။ မက်မန်းသီးပင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော ရာသီဥတုမှာ အေးမြ၍ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ မှ ၄၅၀၀ အကြားရှိသည့် ခြောက်သွေ့သောဒေသများတွင် စိုက်ပျိုးနိုင်ကာ မိုးရေချိန်အားဖြင့် ၁၀ နှစ် ပျမ်းမျှမိုးရွာရက် ၉၄ ရက်၊ မိုးရေချိန်လက်မ ၆၉ ဒသမ ၀၈ ဖြစ်သည်။ မက်မန်းသီးပင်စိုက်ပျိုးရာတွင် မက်မန်းပျိုးပင်များကို အသင့်ပြင်ထားသောကျင်းများ၌ ပျိုးအိတ်ဖြင့်လည်းကောင်း၊ အပင်လွတ် တိုက်ရိုက်စနစ်ဖြင့်လည်းကောင်း စနစ်တကျချ၍ စိုက်ပျိုးရမည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးပါက အထွက်နှုန်းပိုမိုတိုးတက်နိုင်မည်ဖြစ်ပြီး မက်မန်းစိုက်တောင်သူများအဖို့ ဝင်ငွေများ ပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်သည်။

**အပင်ပြုစုခြင်းကဏ္ဍ**

မက်မန်းသီးပင်စိုက်ပျိုးထားသော ဧကများ၌ ဖေဖော်ဝါရီလအတွင်း မြေဆီလွှာအစိုဓာတ်လုံလောက်စွာရရှိရေးအတွက် အပင်ခြေတွင် ပင်ခြေဖုံးခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မက်မန်းသီးတစ်ပင်လျှင် ငယ်စဉ်အရွယ်၌ ရေနှစ်ဂါလန် တစ်ပတ်နှစ်ကြိမ်ခန့် လောင်းပေးရမည်ဖြစ်ပြီး အပင်ငယ်စဉ်တွင် ပိုးမွှားရောဂါ ကျရောက်မှု ရှိ၊ မရှိ စနစ်တကျ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါက ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို အသုံးပြု၍ နှိမ်နင်းပေးရမည်ဖြစ်သည်။ ထို့နောက် အပင်သက်တမ်းရလာသည်နှင့်အမျှ မက်မန်းသီးပင်၏ ပင်စည်အရင်းမှ ပင်ပွားများ၊ ကိုင်းပွားများ သန့်ရှင်းပုံသွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးပြီးချိန်မှစ၍ သုံးနှစ်မှ ငါးနှစ်အတွင်း ပန်းစပွင့်၍ အသီးစသီးမည်ဖြစ်သည်။

**အအေးပိုင်းသီးနှံမက်မန်း**

မက်မန်းပင်များသည် အမြဲစိမ်းအပင်မျိုး မဟုတ်ဘဲ အအေးပိုင်းသီးနှံမျိုးဖြစ်သည့်အတွက် နိုဝင်ဘာလအတွင်း ယင်းအပင်ပေါ်ရှိအရွက်များအားလုံး ကြွေကျသွားပြီး ရိုးတံများသာရှိကြသည်။ ထို့နောက် မတ်လလယ်လောက်တွင် ပန်းပွင့်များ စတင်ပွင့်လာပြီး ယင်းပန်းပွင့်များစုံပါက အရွက်နုများ စတင်ထွက်ရှိလာကြသည်။

စာမျက်နှာ ၁၇ သို့

# မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက်ရှိ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၌ ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား



**နေပြည်တော် ဩဂုတ် ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက်ရှိ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၃ ရက် ည ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက မီးသတ်ယာဉ် ၂၅ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၄၉ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

ထိုသို့မီးလောင်ကျွမ်းမှုကြောင့် ကျောင်းအုပ်ကြီးရုံးခန်း၊ စာရေးအခန်းနှင့် စာသင်ခန်းကိုးခန်းပါ နှစ်ထပ်ဆောင် အဆောက်အအုံတစ်လုံး၊ စာသင်ခန်း ခုနစ်ခန်းပါ သုံးထပ်ဆောင် အဆောက်အအုံတစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကာ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့သည့်ကျောင်းသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး ဆရာ ဆရာမများအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ ကြောင်ပန်းစေ့မှ**

"ဒီကြောင်ပန်းပင်က အညာဒေသတွေမှာ မစိုက်ပျိုးဘဲသဘာဝအလျောက် အလေ့ကျပေါက်ရောက်တဲ့ အပင်အမျိုးအစားဖြစ်တယ်။ အဓိကအနေနဲ့ အပူပိုင်းဒေသ သဲချောင်းအနီးပတ်ဝန်းကျင်နဲ့ ရောဝတီ၊ ချင်းတွင်းကမ်းစပ်တွေမှာ အများအပြားပေါက်ရောက်ပြီးတော့ သဲဆန်တဲ့ မြေမှာပိုပြီးရှင်သန်မှုကောင်းပြီး အစေ့ကိုခူးဆွတ်ရောင်းချရတဲ့ အပင်အမျိုးအစားဖြစ်တယ်။ လက်ရှိဈေးကွက်မှာတော့ ဒီကြောင်ပန်းစေ့တွေကို နည်းပညာနဲ့ ပေါင်းစပ်ပြီးဆေးဝါးနှင့် အလှကုန်ပစ္စည်းထုတ်လုပ်တဲ့ နေရာတွေမှာ အသုံးပြုတယ်လို့ကြားသိရတယ်။ ဒီနှစ်အဖို့ ဒေသခံတောင်သူတွေအနေနဲ့ အပိုဝင်ငွေကောင်းကောင်းရရှိတဲ့ နှစ်တစ်နှစ်ပါ။ သိသူဖော်စား မသိသူကျော်သွားဆိုတဲ့ ဆိုရိုးစကားအတိုင်းဖြစ်နေပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အခုလိုပြည်ပဝင်ငွေရှာဖွေပေးတဲ့ မြေကြီးကရွှေသီးတဲ့ အလေ့ကျပေါက်ပင်တွေ အများကြီးရှိနေပါတယ်" ဟု ၎င်းကပြောသည်။

**ဈေးကွက်ခိုင်မာမှုရရှိ**

အဆိုပါ ကြောင်ပန်းစေ့များသည် ကြောင်ပန်းပင်မှ ဝါဆိုလနှင့် ဝါခေါင်လတို့တွင် စတင်ထွက်ရှိကာအသီးများမှ အစေ့ကိုထုတ်ယူပြီး ဈေးကွက်သို့ ပို့ဆောင်ရောင်းချလျက်ရှိကြောင်းနှင့် ၎င်းကြောင်ပန်းစေ့များကို လွန်ခဲ့သည့် ဆယ်နှစ်လောက်မှစ၍ တရုတ်ပြည်ဈေးကွက်သို့ စမ်းသပ်ပို့ဆောင်ရောင်းချခဲ့ရာမှ ဈေးကွက်ခိုင်မာမှုရရှိခဲ့ကြောင်း သိရသည် ။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

---

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၄**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက မိုင်းဆတ်တပ်နယ်ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များ၌ ဆောင်ရွက်ထားရှိသော တစ်သျှူးငှက်ပျော၊ စင်တင်သီးနှံ၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ နို့စားနွား မွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❁ စာမျက်နှာ ၁၆ မှ

ယင်းအချိန်တွင် အသီးကင်းများလည်း စတင်ထွက်ရှိလာပြီး သီးထွက်ကောင်းသည့် မက်မန်းမျိုးပင်တစ်ပင်ဖြစ်လာမည်ဖြစ်သည်။ ထိုသို့စတင်ထွက်ရှိချိန်တွင် ပန်းပွင့်များ ဦးစွာမပွင့်ဘဲ အရွက်နုများသာ စတင်ထွက်ရှိလာပါက ယင်းအပင်သည် မက်မန်းသီးထွက်ကောင်းသည့် မျိုးပင်မဖြစ်နိုင်တော့ကြောင်း တောင်သူများက သတိပြုရမည်ဖြစ်သည်။ ပန်းပွင့်များ၊ သီးကင်းများဖြင့် အဆင့်ဆင့်ထွက်ရှိသော မက်မန်းသီးပင်သည် မတ်လလယ်မှစ၍ လေးလတာကြာမြင့်ချိန်တွင် ရင့်မှည့်ချိန် ရောက်ရှိသဖြင့် စတင်ဆွတ်ခူးနိုင်ပြီဖြစ်သည်။

**မက်မန်းသီးထွက်နှုန်း**

မက်မန်းသီးပင်တစ်ပင်လျှင် မက်မန်းသီးထွက်ရှိမှုအားဖြင့် ပထမသီးသောမက်မန်းသီးပင်သည် အပင်သေးငယ်သောကြောင့် တစ်ပင်လျှင် တစ်ပြည်ခန့်ရရှိမည်ဖြစ်ပြီး ဒုတိယသီးသော ခြောက်နှစ်သားပင် ရောက်သည့်အခါ တစ်ပင်လျှင် မက်မန်းသီးနှစ်ပြည်ခန့် ရရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် မက်မန်းသီးပင် သက်တမ်းရင့်လာသည်နှင့်အမျှ ပြုစုထိန်းသိမ်းမှုအပေါ်မူတည်ပြီး သီးနှံထွက်နှုန်းများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ မက်မန်းသီးပင် အမြင့်ဆုံးအသီးထွက်ရှိသည့်အချိန်မှာ ၁၅ နှစ်သားအရွယ်ဖြစ်ပြီး တစ်ပင်လျှင် မက်မန်းသီး ငါးတင်းနှုန်းခန့် ထွက်ရှိနိုင်ပြီး ဝင်ငွေကောင်းသော စိုက်ပျိုးသီးနှံတစ်ခုအဖြစ် တောင်သူများအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း လေ့လာသိရှိရသည်။

**မက်မန်းသီးပင်၏သက်တမ်းနှင့် ဝင်ငွေရရှိမှု**

ပင်ခြေသားတက်များမှ ရယူစိုက်ပျိုးထားသော မက်မန်းသီးပင်၏ သက်တမ်းမှာ နှစ် ၃၀ လောက်သာ ရှင်သန်ကြီးထွားနိုင်ကြောင်းနှင့် မက်မန်းသီးပင်တစ်ပင်သည် အပင်သက်တမ်းအလျောက် အမြင့်ပေ ၁၅ ပေအထိ မြင့်မားနိုင်ကြောင်း သိရသည်။ ပုံမှန်စိုက်ပျိုးထားသော မက်မန်းသီးပင်သည် စတင်စိုက်ပျိုးသည့်အချိန်မှ (၁၈)နှစ်(၁၉)နှစ်အထိ သီးထွက်နှုန်းများတိုးသော်လည်း အနှစ်(၂၀)နောက်ပိုင်းအကြာတွင် သီးထွက်နှုန်းများ ကျဆင်းတတ်သည်ကို တွေ့ရှိရသည်။ ထိုသို့ သီးနှံထွက်နှုန်းများ မကျဆင်းစေရေးနှင့် နှစ်ရှည်သီးနှံတစ်ခုအဖြစ် ဝင်ငွေပိုမိုတိုးတက်စေရေးအတွက် တောင်သူများအနေဖြင့် မက်မန်းသီးပင်၏ ရင့်မှည့်သောအသီးမှ အစေ့ကို ရယူစိုက်ပျိုးထားသော မက်မန်းသီးပင်အား တစ်နှစ်သားခန့်အရွယ်တွင် ကိုင်းဆက်ခြင်းနည်းပညာဖြင့် မျိုးပွားထားနိုင်ကြောင်း သိရသည်။ ထိုသို့ ကိုင်းဆက်နည်းပညာဖြင့် စိုက်ပျိုးထားသော မက်မန်းသီးပင်တစ်ပင်၏ သက်တမ်းမှာ နှစ် ၅၀ ခန့်အထိ ကြာမြင့်နိုင်ကြောင်း လေ့လာသိရှိရသည်။ ထို့သို့ဖြင့် မက်မန်းစိုက်တောင်သူများသည် မက်မန်းသီးပင် စတင်စိုက်ပျိုးသည့် သုံးနှစ်မှ ငါးနှစ်အတွင်း အသီးစတင်ရရှိနိုင်ပြီး အပင် ခုနစ်နှစ်သားအရွယ်မှစ၍ အပင်သက်တမ်းပေါ်မူတည်၍ မက်မန်းစိုက်တောင်သူများအဖို့ နှစ်စဉ်စီးပွားဖြစ် ဝင်ငွေအကျိုးအမြတ်များ တိုးတက်ရရှိမည်ဖြစ်သည်။

**မက်မန်းစိုက်တောင်သူများ ဆောင်ရွက်သင့်သည့်အချက်များ**

စီးပွားဖြစ် မက်မန်းစိုက်ပျိုးရာတွင် သီးထွက်နှုန်း ပိုမိုကောင်းမွန်စေရေး တောင်သူများ မဖြစ်မနေ ဆောင်ရွက်ရမည့် အချက်များလည်းရှိသည်။ ယင်းတို့မှာ မက်မန်းစိုက်ပျိုးထုတ်လုပ်မှုအတွက် ရေပေးစနစ်မှန်ကန်စေရေး၊ အပင်အာဟာရ ရရှိစေရေးအတွက် အစာကျွေးစနစ်မှန်ကန်စေရေး၊ ထိုသို့ အစာကျွေးရာတွင်လည်း အချိန်မှန်/အချိုးကျကျွေးနိုင်ရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေး ဂရုစိုက်ဆောင်ရွက်သင့်သည်။ ထို့ပြင် ပိုးရောဂါ၊ မှိုရောဂါ နှိမ်နင်းခြင်းလုပ်ငန်းများ၊ ကိုင်းပြင်ခြင်းလုပ်ငန်းများနှင့် ကိုင်းညှပ်ခြင်းနည်းကို အသုံးပြုကာ ဆောင်ရွက်စိုက်ပျိုးပါက သီးထွက်နှုန်း ပိုမိုရရှိပြီး တောင်သူများအဖို့ နှစ်စဉ်ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**စီးပွားဖြစ်တိုးချဲ့စိုက်ပျိုး**

မက်မန်းသီးပင်စိုက်ပျိုးရေးနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်မှုမှသည် မက်မန်းသီးပင်အား စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကျေးရွာအုပ်စုများတွင် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတော်အစိုးရက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိစေရေး စနစ်တကျစိုက်ပျိုးရန် လိုအပ်သည်။ ထို့ပြင် မက်မန်းသီး အစိုအဆင့်မှ ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်မှုအတွက် စနစ်တကျစီမံခန့်ခွဲမှု၊ ဈေးကွက် စသည့် ကုန်ထုတ်လုပ်မှုအဆင့်ဆင့်အတွက် ကျွမ်းကျင်လုပ်သားရရှိရန်မှာလည်း အရေးကြီးသောကြောင့် မက်မန်းသီးပင်များကို စနစ်ကျသော စိုက်ပျိုးရေးစနစ်များဖြင့် စိုက်ပျိုးထိန်းသိမ်းပါက တောင်သူများအနေဖြင့် သီးထွက်ကောင်းသော နှစ်ရှည်မက်မန်းသီးပင်များ ပိုင်ဆိုင်နိုင်ပြီး နှစ်စဉ်ဝင်ငွေများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ စိုက်ပျိုးရေးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးပါက One Region – One Product ဆိုသည့်အတိုင်း ပြင်ဦးလွင်ဒေသထွက် မက်မန်းသီးများသည် ဒေသတွင်းဈေးကွက်များ၌ နာမည်ပိုမိုရရှိလာမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေကာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် မက်မန်းပို့ကုန်တစ်မျိုး ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)– Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential) ၊ Aeroqual (Series–500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer–1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 (PM10)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ညောင်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပခုက္ကူမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဖြူမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၃</td><td>သံတွဲမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၄</td><td>မြောက်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td colspan="3">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၃</td><td>လားရှိုးမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td colspan="5">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဓနုဖြူမြို့နယ်၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ

ဓနုဖြူ သြဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကနီကပင်ကျေးရွာ သဘာဝရေပြင်အတွင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကိုကိုဦးနှင့် ဝန်ထမ်းများ၊ မအူပင်မြို့နယ်အောင်ဟိတ်ငါးလုပ်ငန်းစခန်း တာဝန်ခံနှင့်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အင်းသားကြီးများ၊ ရေလုပ်သားများ တက်ရောက်ကြပြီး အောင်ဟိတ်ငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ ကို ကနီကပင်ကျေးရွာ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ယာဉ်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Car Crane(3 Tons)/Dozer | ၁/၁ စီး |
| (ခ) | Mini Excavator(3.5 Tons)/Mini Bus(33 Seaters) | ၂/၁ စီး |
| (ဂ) | Thermoplastic(အဖြူ/အဝါ)/Glass Beads | ၂၀၀/၂၀၀/၄၀ တန် |
| (ဃ) | Concrete Primer/Composite | ၂၀၀/၂၀၀ ပုံး/ချပ် |
| (င) | Cable(၅)မျိုး/H.I.P Tape(အဖြူ/အစိမ်း) | ၁၄၃/၇၀ Drum/လိပ် |
| (စ) | ဆီဆေး(၃)မျိုး/ရေဆေး(၂)မျိုး | ၈၀၀၀/၃၀၀၀ ဂါလန် |
| (ဆ) | Solor Power System | 1 Set |
| (ဇ) | 22 KW(30 HP)Raw Wastewater Pump & motor | ၂ လုံး |
| (ဈ) | Submersible Aerator | ၄၂ လုံး |
| (ည) | ဓာတ်ခွဲခန်းသုံး ပရိဘောဂများ/Vinyl Flooring များ | 1/1 Lot |
| (ဋ) | Lift 630 KG(8 Persons)/GI Pipe(6m)(၅)မျိုး | ၁/1 စင်း/Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၈-၂၀၂၃ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ဖော်ပြပါပစ္စည်းများအနက် အမှတ်စဉ်(က မှ စ အထိ)ပါ ပစ္စည်းများကို ၁၈-၈-၂၀၂၃ ရက်နေ့(၁၂:၀၀)နာရီနှင့် အမှတ်စဉ်(ဆ မှ ဋ အထိ)ပါ ပစ္စည်းများကို ၂၄-၈-၂၀၂၃ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တိုက်အမှတ်-၁၀/က၊ ဒုတိယထပ်တိုက်ခန်းနှင့် တယ်လီဖုန်း၊ **Aircon များ Water Heater** အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးနိုင်မျိုးဆန်း (၁၂/မရက (နိုင်) ၁၁၅၀၆၈) မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍၊ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ ကျွန်ုပ်ထံသို့ မည်သူမဆို (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ယင်းသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါတိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သန္တာ
**LL.B., D.B.L., D.M.L., D.I.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၅၈)
**Res :** ၀၁၃၉၅၃၁၂၊ **HP :** ၀၉၅၁၁၇၈၇၅၊ **HP :** ၀၉၉၆၅၁၁၇၈၇၅

ဒေါ်ကေကျော်ကိုကို
**LL.B., D.B.L**
အထက်တန်းရှေ့နေ (စဉ်-၂၃၆၈၅)
**HP :** ၀၉၇၇၃၄၆၀၅၄၀

ဒေါ်နှင်းဝင့်ကြည်
**B.A (English), YUFL, PGDL**
အထက်တန်းရှေ့နေ (စဉ်-၅၅၂၈၁)
**HP :** ၀၉၅၀၂၀၁၆၀

တိုက် (၁)၊ အခန်း (၁၆)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်(၈)လမ်း၊ အမှတ်(၈၅/ဘီ)ရှိ ROYAL THIRI CONDO, TOWER(C), LEVEL(6), အခန်းအမှတ် (C-602)၊ RC (၈)ထပ် အဆောက်အဦမှ ဧရိယာ (၅၉၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင် ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ချိုသက်နွယ် [၁၂/သဃက(နိုင်)၀၄၁၂၈၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ပြည့်မွန်ဟန် [၁၀/မလမ(နိုင်)၁၃၁၃၃၂]က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ပြည့်မွန်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၃၂)**
**ဖုန်း-၀၉-၅၄၀၁၉၄၀**

**ဒေါ်မေမီလှိုင်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)**
**ဖုန်း-၀၉-၄၂၈၂၂၇၃၁၃**

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဏ/၄၀၊ လူနေရပ်ကွက်အမှတ် -၁၄၊ ပန်းခြံ (၂၅)၊ မြေကွက်အမှတ် -၁၃၄၁(က)၊ အကျယ်ပေ(၂၀x၆၀)၊ ဦးလှမိုး အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ထိုက်အောင်[၁၂/ရပသ(နိုင်)၀၇၄၉၃၇]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ မောင်နန္ဒာရမ်း [၁/ဗမန(နိုင်)၀၉၅၀၇၄]ကိုင်ဆောင်သူမှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် အထက်ပါအိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**မောင်နန္ဒာရမ်း**
**[၁ /ဗမန(နိုင်)၀၉၅၀၇၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာမျိုးခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၂၈)**
**အမှတ်-၃၇၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၉၅၀၆၀၁၈၁၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဆိုင်းနူးမိုင် [၁/မကတ(နိုင်)၀၀၄၉၇၁]၏ ပတ်စ်ပို့နံပါတ် (MC-611572)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၄၀၁၇၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလုဆန် [၁/ဝမန(နိုင်)၀၇၂၁၉၄]၏ ပတ်စ်ပို့နံပါတ် (MB-363760) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၉၁၈၂၄၃**

## အမည်မှန်နှင့်မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ မူလွန်-မခေါယန်ကျောင်း၊ Grade-8 မှ မလယ်မယ်မီး၏ အမည်မှန်မှာ မလာမာမီး ဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးလာမြာဆား [၁/ဒဖယ(နိုင်)၀၀၃၆၉၂] နှင့် ဒေါ်သောင်းမလဲ [၁/ဒဖယ(နိုင်)၀၀၂၅၈၄] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ ချင်းတွင်းလမ်းရှိ မြေကွက်အမှတ်(၁၄၀၄)ဟုခေါ်တွင်သော (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိသော ဦးမြတ်သူ အမည်ပေါက်ပါမစ်မြေကွက်အား ဦးမောင်မောင်စိုး[၁၂/တမန(နိုင်)၀၀၄၈၀၇]မှ ဆက်စပ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားအကျိုးခံစားလျက်ရှိပြီး ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဘီဒယာဆာရ် [၇/ဖမန(နိုင်)၁၈၃၅၄၃]မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်သော မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းမင်းဦး**
**LL.B,WIPO-Switzerland)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၄၅၇၄)**

**ဦးတင့်ဇော်အေး**
**(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၄၅၀၇)**

**ဒေါ်ပြည့်သဥ္စာဌေး**
**LL.B, WIPO Switzerland**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၄၅၂၈)**

**အမှတ်(၅)၊ (A)ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၄၄၇၀၆၅၁၊ ၀၉-၇၇၅၂၇၀၀၂၈၊ ၀၉-၄၄၄၄၆၄၄၅၂**

## လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း မောင်တင်ဟ (ခ)သွာဟေရ် [၁၂/သဃက(နိုင်)၂၁၁၀၅၉] ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း-၉၀၊ အမှတ် (၅၀)၊ ၃-လွှာနေ မရွှန်းလဲ့ရတီ (ခ) ရှဟီဒါဟ်ဘီ[၁၂/မဂတ(နိုင်)၁၀၇၉၃၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မရွှန်းလဲ့ရတီ(ခ)ရှဟီဒါဟ်ဘီနှင့် မောင်တင်ဟ (ခ)သွာဟေရ်တို့သည်(၂၂-၄-၂၀၁၈)ရက်နေ့တွင် "နီကာဟ်" လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့သည် (၃-၅-၂၀၂၃) ရက်စွဲပါ စာအမှတ်(၀၄၆/၂၃/ခမ္မ/မလ၀-ဗဟ) အစ္စလာမ်တရားဥပဒေ ဖသ်ဝါ ခမ္မသတ် ဆုံးဖြတ်ချက်အရ လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းလိုက်ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ မရွှန်းလဲ့ရတီ(ခ)ရှဟီဒါဟ်ဘီနှင့် မောင်တင်ဟ(ခ) သွာဟေရ်တို့သည် လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းများသက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် တစ်ဦးနှင့်တစ်ဦး ဂုဏ်သိက္ခာထိခိုက်စေမည့်ကိစ္စရပ်များ ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်း၊ လူမှုကွန်ရက် (Facebook)ပေါ်တင်ခြင်းတို့ ပြုလုပ်ဆောင်ရွက်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နှင်းသီတာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၀)**

**ဒေါ်နီနီဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၁၈)**

**အမှတ်-၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၇၅၉၂၆၀၂၇၇**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၂ x ၈၃ လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ လမ်း(၂၀)နေ ဒေါ်ရီရီ(ဘ)ဦးစံထွန်း(၉/မနမ(နိုင်)၀၃၃၀၄၄) ကိုင်ဆောင်သူမှ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)နေ ဒေါ်စိမ်းစိမ်း (ဘ) ဦးရင် (ခ) ဦးလျှန်စင်းရင် (၉/မရမ(နိုင်)၀၆၉၆၈၅) ကိုင်ဆောင်သူအား မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၆-၆-၂၀၁၄) ရက်နေ့တွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၃၀၀၇/၂၀၁၄)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီ (၉/မနမ(နိုင်)၀၃၃၀၄၄)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၉၉၅၉၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ ဣန္ဒာ(၁၂)လမ်းနေထိုင်သူ ဦးဇေယျာဦး [၁၂/လမန(နိုင်)၁၃၅၆၉၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာဦးနှင့်ဇနီး မနေခြည်လှိုင်[၁၂/ဥကမ(နိုင်)၁၇၀၆၄၁]ကိုင်ဆောင်သူတို့မှာ လွန်ခဲ့သော ၂၀၁၇ ခုနှစ်ခန့်မှစ၍ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သူများဖြစ်ပြီး ၄-၃-၂၀၂၃ရက်တွင် လင်မယားချင်းစကားများရာမှ မနေခြည်လှိုင်နေအိမ်မှဆင်းသွားကြောင်း သိရပါသည်။ လင်ခန်းမယားခန်းပြတ်စဲမှုတစ်စုံတစ်ရာမရှိသေးကြောင်း သိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေ လက်ရှိနေထိုင်ရာ အိမ်အမှတ်(၉၇၆) အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)နှင့် နေအိမ်အပါအဝင် ပိုင်ဆိုင်မှုတို့သည် လင်မယားနှစ်ဦး၏လက်ထက်ပွားပစ္စည်းများဖြစ်ကြောင်း သိရပါသည်။ သို့ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏သဘောတူညီချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း စသည့်ကိစ္စရပ်များ တစ်စုံတစ်ရာမပြုလုပ်ကြပါရန် သိစေအပ်ပါသည်။ ယင်းအချက်ကို လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မျိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၈၂/၃၁-၈-၁၇)**
**အမှတ်(၂)၊ ခေမာ(၄)လမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph:09-791498900**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဂန္ဓမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၇၇၉)၊ ပေ(၄၄ x ၆၀)၊ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသူ ဒေါ်ယဉ်ယဉ်နု[၁၂/သဃက(နိုင်)၀၄၁၄၅၁]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကုမုဒြာ(LL.B, D.B.L, D.I.L, IDCS)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၂-၈-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၂)၌ ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ဇင်မာမင်း၏"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း" ခေါင်းစီးဖြင့်ကြေညာခဲ့သော ကြေညာချက်၏ ဒုတိယစာကြောင်းပါ အမှတ်(၁၂၈/က)အစား အမှတ်(၂၁၈/က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ဇင်မာမင်း**
**LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၂)လမ်း၊ အမှတ်(၅၁/၃B)နေ ဦးအေးလွင် [၉/ညဥန(နိုင်)၀၉၆၆၃၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မြေကွက်၏ အမည်ပေါက်ဖြစ်သူ ဒေါ်မြင့်မြင့်ဆွေမှ **"ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိုးချဲ့(ခ)ရပ်ကွက်၊ မြမဏ္ဍူလမ်း၊ အမှတ် ၃/၅၈၄၊ အကျယ်(၃၀x၅၀)ပေရှိ မြေချပါမစ်မြေအမျိုးအစား၊ မြေကွက်နှင့်၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအဆောက်အဦ အပါအဝင်ရေမီးအစုံနှင့် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** အား ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် ဆန္ဒရှိသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးလွင်မှ စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပိုင်ရေးပိုင်ခွင့်ရှိပါက ဤကြေညာပါသည့်နေ့ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေများ**

**ဦးယဉ်အောင်(LL.B, D.I.L) ဒေါ်ပိုးအိစံ(LL.B, D.I.L) ဒေါ်တင့်တင့်ခိုင်(LL.B)**
**(စဉ်-၁၄၄၁၅/၂၀၁၈) (စဉ်-၁၆၈၀၄/၂၀၂၀) (စဉ်-၉၀၄၅/၂၀၁၃)**
**အမှတ်(၁၅၅/၁၅၇/၁၅၉)၊ (၃၇)လမ်း (အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၇)ရပ်ကွက်၊ မြေကွက်အမှတ်(၁၂၀)ဟုခေါ်တွင်သော (၄၀x၆၀)ပေအကျယ်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဦးအောင်သန်း[၁၂/မရက(နိုင်)၀၃၁၃၀၉]က ပါမစ်အမည်ပေါက်ပိုင်ဆိုင်ပြီး ပါမစ်အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးကွန်ကျိုင်း[၁၃/တကန(နိုင်)၀၆၈၅၄၀]က အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစွမ်းထက်ပိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)**
**LL.B, DBL, DIL, MA( Business Law)**
**ဖုန်း-၀၉-၄၃၀၉၄၆၇၂**

**ဒေါ်ပိုးဇာနည်ဝင်း**
**အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅)**
**LL.B**
**ဖုန်း-၀၉-၇၉၉၈၉၀၄၉၂**

**တိုက်(၁၄)၊ အခန်း(B-1 / B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကြော်ငြာစာ
## တိုက်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁

**ဦးမောင်စံလှ** ---------- **လျှောက်ထားသူ**

(စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၆၆(က)အရ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အမှု)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာလမ်း၊ အခန်း၂၀၂၊ အမှတ်-၅၆ ရှိ ဦးမောင်စံလှက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၆၆(က)အရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၇-၁၀-၂၀၂၂) နေ့စွဲပါ သဘောတူစာချုပ်အား မှတ်ပုံတင်စေသည့်အမိန့်ချမှတ်ပေးပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့အပြင်(လာရောက်လျှောက်ထားစွဲဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်)နေ့ နံနက်(၁၀:၀၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊မိမိတို့ကနေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ရင်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခု မိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ဦးမောင်စံလှ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု၏ အကြောင်းတရားတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇာနည်မြင့်ဝေ)**
**မြို့နယ်တရားသူကြီး**
**တိုက်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၁၁၅)ဟုခေါ်တွင်သည့် ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်း၊ အမှတ်(၁၁၅)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ပါမစ်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနတွင် ဦးစိုးစိုးမြင့်[၁၂/ဒလန(နိုင်)၀၁၀၂၂၅]မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်များဖြင့် လက်ဝယ် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ကော်မီး[၁/မညန(နိုင်)၀၉၀၄၀၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှူးလန်[၁၃/လရန(နိုင်)၁၆၇၉၅၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၃)**
**အမှတ်-၆၂၊ (ပထမထပ်)၊ အခန်းအမှတ်-၉၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၂)၊ အောင်ရာဇာပတ်လမ်း၊ မြေကွက်အမှတ် (၁၄၀၁)၊ အကျယ်အဝန်း အလျား×အနံ (၄၀×၆၀) ပေ၊ (၂၄၀၀) စတုရန်းပေမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်ကျော့စိန် အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက် အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန့်ဇော်လင်း (၉/ကပတ(နိုင်)၁၄၂၉၂၃) က လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွယ်သွယ်အေး (၁၂/တမန(နိုင်)၁၀၆၄၂၂) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄. ၈. ၂၀၂၃) ရက်နေ့နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၆၇၈/က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဒေါ်တင့်တင့်အောင် (PVU-၀၀၄၁၂၀)အမည်ပေါက်သော မြေကွက်နှင့် မြေကွက်အမှတ်(၆၇၈/ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးမောင် (PVU-၀၉၆၁၅၀) အမည်ပေါက်သော မြေကွက်များဖြစ်ပြီး ယင်းမြေကွက်များပေါ်ရှိ အမှတ်(၆၇၈/က)၊ (၆၇၈/ခ)၊ မင်္ဂလာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်များ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှရောင်းချခဲ့သောကြောင့် မြေကွက်အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးစန်းလွင် [၁၂/သဃက(နိုင်)၁၁၆၂၆၄]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဌေး [၁၂/ကတန(နိုင်)၀၄၃၀၅၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B,LL.M)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ် (၂၄၆)၊ အကျယ်အဝန်း (၄၂ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးလှစိန် (SLI-၀၅၈၈၁၅) အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။၎င်းအမည်ပေါက် ဖခင်နှင့် မိခင်တို့ ကွယ်လွန်သဖြင့် ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၄၆)၊ သိင်္ဂီ(၁)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို သားသမီးများဖြစ်ကြသော ဦးမြင့်ရွှေ [၁၂/ကမရ(နိုင်) ၀၃၉၉၂၂]+၅ တို့မှ မိမိတို့သာလျှင် တရားဝင် လက်ဝယ်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိအိန္ဒြာကျော် [၁၂/တမန(ဧည့်)၀၀၀၄၀၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B,LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းထွန်းဝင်း CDC-103185 ၏ စီဒီစီ စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-420778006**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစုကျေးရွာ၊ ရွှေဘိုလမ်းနေ ဦးချစ်စန်းနောင် [၁၂/လသယ(နိုင်)၀၆၆၈၇၉]၏သမီး ရွှေပြည်လွှမ်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 မှ မသော်တာဝေအား ယနေ့မှစ၍ မသွန်းမြတ်ကြယ်စင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသွန်းမြတ်ကြယ်စင်**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ်(၂၈၀/က)၊ (၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ၊ (၀.၀၂၇)ဧကအကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးသက်လွင် [၁၂/အစန(နိုင်) ၀၁၃၅၁၃]က ဂရန်အမည်ပေါက်ပြီး ယခုရောင်းချသူ ဒေါ်ခိုင်ခင်မွေး [၁၂/သဃက(နိုင်)၁၆၉၅၂၉]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်+နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရှုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **(LL.B,DBL,DIL,MA(Business Law)** | **(LL.B) (စဉ်-၅၀၅၉၅)** |
| **ဖုန်း- ၀၉-၄၃၀၉၄၆၇၂** | **ဖုန်း- ၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ပိတောက်အိမ်ရာစီမံကိန်း၊ Villa No(PV-60)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အဲကို [၁၃/ကလတ(နိုင်) ၀၁၉၈၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုသက်ထွဏ်း [၁၂/ဥကမ(နိုင်)၁၉၀၅၆၉]၊ ဒေါ်လှလှသက် [၁၂/ဥကမ(နိုင်)၀၀၆၉၇၉]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆုသက်ထွဏ်းနှင့် ဒေါ်လှလှသက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-450023651, 09-793568375**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်- ၁၁၀၊ ဧရိယာ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ဝတီ(CC-၀၅၁၂၁၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ ခြေရင်းခြမ်းရှိ ဧရိယာ (၁၅ပေx၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်- ၁၁၀/ခ၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်အပါအဝင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန္တာစိုး [၉/သစန(နိုင်)၀၀၀၈၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝေစိုး[၁၂/ဥကမ(နိုင်) ၀၇၅၉၉၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုဝေမြင့်**
**(LL.B, D.B.L, D.M.L, D.I.L, D.I.R, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၉၉)**
**L-2, R-3၊ ဝါးတန်းလမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-5193578**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးဩ(၂)လမ်း၊ မြေကွက်အမှတ်(၁၅၅၇)၊ (၄၀ပေx၆၀ပေ) အကျယ်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးဇော်လွင် (KMYT-၀၁၀၅၅၄)က ပါမစ်အမည်ပေါက်ပြီး ယခုရောင်းချသူ ဒေါ်ကျော့ရွှေခိုင် [၁၁/မပန(နိုင်)၀၈၃၁၈၄]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရှုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **(LL.B,DBL,DIL,MA (Business Law)** | **(LL.B)(စဉ်-၅၀၅၉၅)** |
| **ဖုန်း- ၀၉-၄၃၀၉၄၆၇၂** | **ဖုန်း- ၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ မြေကွက်အမှတ်(၉၂၄/က)၊ (၂၀ပေx၆၀ပေ) အကျယ်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမူတူး(CF-၀၇၈၁၈၀)က ပါမစ်အမည်ပေါက်ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးတင်ဝင်း[၁၄/အဂပ(နိုင်) ၁၆၂၈၅၈]က ပါမစ်အမည်ပေါက်ထံမှ ယင်းမြေကွက်၏ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း (၁၀ပေx ၆၀ပေ) အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးတို့အား အဆက်ဆက်အရောင်းအဝယ်ကတိ စာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်+နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရှုံးလုပ်ငန်း ကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
